ကြေးမုံ
The Mirror
၁၃၇၃ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၄ ရက်၊ တနင်္လာနေ့(14-11-2011)(၆၉၄၃)

**ဒို့တာဝန်အရေးသုံးပါး**

- ☆ ပြည်ထောင်စု မပြိုကွဲရေး။
- ☆ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ☆ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

# မုံရွာခရိုင် ချင်းတွင်းမြစ်အနောက်ဘက်ကမ်း မြို့နယ်လေးမြို့နယ်တွင် ကျေးလက်အသေးစားငွေကြေးလုပ်ငန်းများ မတည်ထူထောင်ပေးမည်

## ပုလဲမြို့နယ်တွင် ငွေကျပ်သိန်းတစ်ထောင်၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ကနီမြို့နယ်တို့တွင် ငွေကျပ်သိန်းငါးရာစီဖြင့် ကနဦးဆောင်ရွက်မည်

**နေပြည်တော်　　နိုဝင်ဘာ　　၁၃**

နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးလုပ်ငန်းစဉ်(၈)ရပ်ချမှတ်၍ အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ ယနေ့လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် လုပ်ငန်းစဉ်(၈)ရပ်ပါ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချင်းတွင်းမြစ်အနောက်ဘက်ကမ်းရှိ ပုလဲ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ကနီ စသည့် မြို့နယ်လေးမြို့နယ်အတွင်း ကျေးလက်အသေးစားငွေကြေးလုပ်ငန်းများ မတည်ထူထောင်ပေးမည်ဖြစ်ကြောင်း။

ဤအသေးစား ငွေကြေးလုပ်ငန်းအတွက် ပုလဲမြို့နယ်တွင် ငွေကျပ်သိန်းတစ်ထောင်နှင့် ယင်းမာပင်၊ ဆားလင်းကြီး၊ ကနီမြို့နယ်တို့တွင် တစ်မြို့နယ်လျှင် ငွေကျပ်သိန်းငါးရာစီ စုစုပေါင်း ငွေကျပ်သိန်း နှစ်ထောင့်ငါးရာဖြင့် ကနဦး မတည်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ လုပ်ငန်းများကို ယခုနှစ်ဒီဇင်ဘာမှ စတင်အကောင်အထည်ဖော်မည် ဖြစ်ကြောင်းဖြင့် ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆





**ကျေးလက် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း ပုလဲမြို့နယ် ပုလဲရတနာခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်း ညှိနှိုင်းအစည်းအဝေးတွင် ဆွေးနွေးပြောကြားစဉ်။**
(သတင်းစဉ်)

# အရည်အသွေးကောင်းသော စပါးမျိုးများ ပြောင်းလဲစိုက်မှ ဆန်ကောင်းရပြီး တွက်ခြေကိုက်မည်

## ဆန်ကောင်းရရှိရေးအတွက် အဆင့်မြင့်ဆန်စက်များ တည်ထောင်ကြိတ်ခွဲခြင်းဆောင်ရွက်

**နေပြည်တော်　　နိုဝင်ဘာ　　၁၃**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ဧက ၅၀၀ စိုက်ခင်းသို့ရောက်ရှိပြီး ရက် ၂၀ သားရှိ ငရုတ်စပ်မြားနီစိုက်ခင်း၊ ၂၂ ရက်သား ရွှေသခွားမွှေးစိုက်ခင်း၊ ၁၄ ရက်သားရှိ အီတလီဖရဲစိုက်ခင်း၊ ၁၀ ရက်သားရှိ ဗီယက်နမ် ဆလတ်နီ စိုက်ခင်း၊ ကိုက်လံ၊ ရွှေဖရုံနှင့် ခရမ်းပျိုးခင်းများ စိုက်ပျိုးထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး တောင်သူလယ်သမားများအား စိုက်ပျိုးရေးအသိပညာပေးနိုင်ရေးအတွက် ယာသီးနှံစိုက်ပျိုးပြသရာတွင် ဒေသနှင့်ကိုက်ညီပြီး စီးပွားရေးတွက်ခြေကိုက်ကာ ဝင်ငွေတိုးတက်ရရှိစေမည့် ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံများကို ရွေးချယ်စိုက်ပျိုးကြရန်၊ ဒေသရာသီဥတုနှင့် ကိုက်ညီမှုရှိပြီး သက်တမ်းတိုသော ဈေးနှုန်းနှင့်ဈေးကွက်သေချာသော သီးနှံမျိုးများကို ရွေးချယ်စိုက်ပျိုးရေး စည်းရုံးဆောင်ရွက်ကြရန်၊ သီးနှံတစ်မျိုးတည်းကို စိုက်ပျိုးခြင်း မပြုဘဲ စီးပွားရေးနှင့် အကျိုးအမြတ်တွက်ခြေကိုက်သော သီးနှံအမယ်စုံကို ရွေးချယ်စိုက်ပျိုးကြရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့နောက် တောင်သူပညာပေး ဧက ၅၀၀ အထူးဇုန်အတွင်း ပျိုးထောင်ထားရှိသော တောင်သာခရမ်းမျိုး၊ မြားနီငရုတ်စပ်မျိုး၊ ဗီယက်နမ်ဆလတ်နီမျိုး၊ ကိုက်လံမျိုးတို့ကို ကြည့်ရှုအားပေးပြီး ဆန်ခါရုံစနစ် (Net House System) ဖြင့် စိုက်ပျိုးထားသော ရက် ၂၀ သား ရွှေသခွားမျိုးများကို ပိုက်စနစ်ဖြင့်စင်တင်စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ငရုတ်၊ ရုံးပတီ၊ ခရမ်းစိုက်ခင်းများ၏ ဖြစ်ထွန်းနေမှုများကို ကြည့်ရှုအားပေးသည်။

**စာမျက်နှာ ၆ ကော်လံ ၃ သို့** ❍



**လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမြင့်လှိုင် နေပြည်တော် ပုဗ္ဗသီရိမြို့နယ် တောင်သူပညာပေး ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ ဧက ၅၀၀ စိုက်ခင်း၌ တောင်သူများအား ဆွေးနွေး ပြောကြားစဉ်။**
(သတင်းစဉ်)

ကြေးမုံ စာတည်းရှုထောင့်    ၁၄-၁၁-၂၀၁၁ [တနင်္လာနေ့]။

# မှန်မှန်ကန်ကန် သုံးသပ်ဆင်ခြင်ရှုမြင်

မြန်မာတို့သည် သမိုင်းအစဉ်အလာကြီးမားပြီး ယဉ်ကျေးသိမ်မွေ့သည်။ မြန်မာ့ယဉ်ကျေးမှုပင်စည် ဖြစ်တည်ထွန်းကားလာခဲ့သည်မှာ နှစ်ပေါင်းများစွာ၊ ခေတ်ပေါင်းများစွာ ကြာရှည်ခဲ့ပြီ။ ပန်းချီ၊ ပန်းပု၊ ဂီတသုခုမ၊ ယဉ်ကျေးမှုအနုပညာတို့သည် ယနေ့ကာလတိုင် ရှင်သန်နေဆဲဖြစ်သည်။ အနုပညာသည် ပြည်သူတို့ကို ခံစားမှုသက်သက်သာမက တစ်နည်းနည်းဖြင့် အကျိုးပြုရမည်ဖြစ်သည်။

ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာမှုနှင့်အတူ အသစ်အသစ်သော ဂီတအနုပညာဖျော်ဖြေတင်ဆက်မှုများ တိုးဝင်လာနေခြင်းကို မဆန့်ကျင်လိုပါ။ ခေတ်၏ ရေစီးကြောင်းသည် တားဆီး၍မရကောင်းသော အရာဆိုသည်ကိုလည်း အငြင်းမပွားလိုပါ။ ကောင်း၊ မကောင်းကို ဆုံးဖြတ်သူမှာ အနုပညာရှင်များမဟုတ်ဘဲ ပြည်သူများသာ။ ကောင်းလျှင် ပြည်သူက ကြိုက်၍ လက်ခံမည်သာဖြစ်သည်။

အနုပညာနယ်ပယ်တွင် အပြိုင်အဆိုင်မရှိ၍ လက်ခံနေရခြင်းနှင့် တစ်မွန်းတည့်မျှကြာရှည်ရုံ လက်ခံခြင်းမျိုးကိုမူ ပြည်သူက အမှန်အကန်လက်ခံခြင်းဟူ၍ မယူဆသင့်။ အနုပညာထုတ်လုပ်သူများက ဆင်သွားလျှင် လမ်းဖြစ်ရမည်ဟူသည့် အယူအဆဖြင့် အုံနှင့်ကျင်းနှင့် အားသွန်ထုတ်လုပ်ကာ ယဉ်ကျေးမှုခံယူချက်ပြောင်းလဲရန် ကြိုးစားနေခြင်းသည် အမြဲတစေ မှန်ကန်နိုင်မည်မဟုတ်ပေ။

မြန်မာ့ရိုးရာယဉ်ကျေးမှုအခြေခံနှင့် မလိုက်ဖက်သော အမည်ခံ ကင်ပွန်းတပ်ရုံမျှသော ယဉ်ကျေးမှုတို့ ထိုးဖောက်လာခြင်းကြောင့် အမျိုးသားယဉ်ကျေးမှုများ ကမောက်ကမ မဖြစ်သင့်သည်ကိုမူ သတိချပ်ကြရန်လိုသည်။ မြန်မာ့လူမှုပတ်ဝန်းကျင်တွင် အမျိုးသားဂီတသုခုမ အနုပညာကို အထင်မကြီးဘဲ ပြည်ပဂီတဖျော်ဖြေတင်ဆက်မှုကိုမှ အထင်ကြီးလာကြ၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုနှင့် လူနေမှုစရိုက်ကိုမှ အားကျလာကြသည်မှာ အမျိုးသားရေးအတွက် ရင်လေးဖွယ်ရာ။

ပြည်ပယဉ်ကျေးမှုတို့ အရှိန်အဟုန်ဖြင့် စီးဝင်လာမှုကြောင့် အမျိုးသားယဉ်ကျေးမှုကို ဖိလာပြုချိုးနှိမ်ခံရသည့် အနေအထားသို့မူ မရောက်စေသင့်ပေ။ အသစ်အဆန်းကို ခုံမင်တတ်သူတို့အား ဝတ်စားဆင်ယင်မှု၊ ဖိမဆက်ဆံမှု၊ လူမှုရေးအခမ်းအနား အဆောင်အယောင်ပြုလုပ်မှုတို့ဖြင့် ဆွဲဆောင်ဖြန့်ကြက်လာသော ယဉ်ကျေးမှုစစ်မျက်နှာဖြန့်သူတို့၏လုပ်နည်းလုပ်ဟန်များကို သတိပြုကြရန်လိုအပ်သည်။

နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ လျင်မြန်လှသော မျက်မှောက်ကမ္ဘာတွင် မျက်စိကိုမှိတ်၊ နားကိုပိတ်၍ မရနိုင်ပါ။ စိတ်ပြတင်းပေါက်ကို အသိဉာဏ်ဆင်ခြင်တုံတရားဖြင့် တားဆီးပိတ်ပင်ရန်သာ လိုအပ်မည်ဖြစ်သည်။ အရာရာကို ဓမ္မဓိဋ္ဌာန်ကျကျ မှန်မှန်ကန်ကန် သုံးသပ်ဆင်ခြင်ရှုမြင်နိုင်မှသာ မြန်မာ့လူမှုဝန်းကျင်နှင့် ဆန့်ကျင်သော အမူအကျင့်စရိုက်များကို ဖယ်ရှားနိုင်မည်ဖြစ်ကြောင်း ကြေးမုံက ရှုမြင်မိပါသည်။ ။

# ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် ခွဲစိတ်ပြီးစီးသော ရင်ချင်းဆက်အမြွှာညီအစ်မအား ကြည့်ရှုအားပေး

ရန်ကုန်    နိုဝင်ဘာ    ၁၃

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်သည် နိုဝင်ဘာ ၁၁ ရက် နံနက် ၈ နာရီခွဲတွင် ရန်ကုန်ကလေးဆေးရုံကြီးသို့ သွားရောက်၍ အောင်မြင်စွာ ခွဲစိတ်ပြီးစီးသော ရင်ချင်းဆက်အမြွှာ မအင်ကြင်းလှိုင်နှင့် မအင်ကြင်းခိုင် ညီအစ်မအား ကြည့်ရှုအားပေးပြီး အလှူငွေများ ပေးအပ်သည်။**



## ကြည့်ရှုအားပေး

**ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင် ရန်ကုန်ကလေးဆေးရုံကြီး၌ အောင်မြင်စွာ ခွဲစိတ်ပြီးစီးသော ရင်ချင်းဆက်အမြွှာ အင်ကြင်းလှိုင်နှင့် အင်ကြင်းခိုင် ညီအစ်မတို့အား သွားရောက်ကြည့်ရှုအားပေးစဉ်။**

(သတင်းစဉ်)

ထို့နောက် ရန်ကုန်ကလေးဆေးရုံ အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီး၊ ပါမောက္ခ/ဌာနမှူးများ၊ အထူးကုဆရာဝန်များနှင့်တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှု မြှင့်တင်နိုင်ရေးအတွက် အရည်အသွေးရော အရည်အချင်းပါ တိုးတက်နေစေရန် မှာကြားသည်။

နံနက် ၉ နာရီခွဲတွင် ဆေးသုတေသနဦးစီးဌာန (အောက်မြန်မာပြည်) အစည်းအဝေးခန်းမ၌ ကျင်းပသော ၂၀၁၁ ခုနှစ် မြန်မာနိုင်ငံကျန်းမာရေးဆိုင်ရာ သုတေသန ညီလာခံကျင်းပရေးလုပ်ငန်းကော်မတီ ပထမအကြိမ် အစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြားပြီး သုတေသနညီလာခံတွင် ပံ့ပိုးကူညီခဲ့ကြသော ကုမ္ပဏီများအား မှတ်တမ်းတင်ဂုဏ်ပြုလွှာများ ပေးအပ်သည်။

ဒုတိယဝန်ကြီးသည် မွန်းတည့် ၁၂ နာရီတွင် ပြည်သူ့ကျန်းမာရေး ဓာတ်ခွဲမှုဆိုင်ရာဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာနခွဲ (ရန်ကုန်) တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရောဂါရှာဖွေရေး ဓာတ်ခွဲလုပ်ငန်းသည် အရေးပါသော လုပ်ငန်းဖြစ်သောကြောင့် ကျေးလက်ဒေသမှ မြို့ပြဒေသအထိ ဟန်ချက်ညီညီ မြှင့်တင်နိုင်ရေးကြိုးပမ်းဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဌာန အနေဖြင့် တစ်ဦးတစ်ယောက်၏ မျက်နှာကိုကြည့်ပြီး မဆောင်ရွက်ဘဲ ပြည်သူများ၏ အကျိုးကိုသာ ရှေးရှုဆောင်ရွက်ရန်ဖြစ်ကြောင်း၊ ပြည်တွင်းရှိ စားသောက်ကုန်ထုတ်လုပ်ငန်းများ၊ စက်ရုံများအား အရည်အသွေး စစ်မှန်ပြီး ဘေးအန္တရာယ်ကင်းသည့် အစားအသောက်များ ထုတ်လုပ်နိုင်အောင် ကြီးကြပ်ဆောင်ရွက်ပေးရန် လိုကြောင်း၊ ပြည်ပမှ တင်သွင်းလာသည့် အစားအသောက်၊ ဆေးဝါးများ၏ အရည်အသွေးကိုလည်း စစ်ဆေးဆောင်ရွက်နေရမှာဖြစ်ပြီး အရည်အသွေးမပြည့်မီသော၊ ဘေးအန္တရာယ်မကင်းသော အစားအသောက်၊ ဆေးဝါးများ တင်သွင်းလာကြောင်း စိစစ်တွေ့ရှိရလျှင် လိုအပ်သလို တိတိကျကျ ဆောင်ရွက်အရေးယူသွားရမှာဖြစ်ကြောင်း နိုင်ငံတော်၏ ပြောင်းလဲလာသော မူဝါဒများနှင့်အညီ FDA ၏ လုပ်ငန်းများကို လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဗလငါးတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

# မြဝတီရုပ်မြင်သံကြား အစီအစဉ်

၁၄-၁၁-၂၀၁၁ (တနင်္လာနေ့)

**နံနက်ပိုင်း**

- ၇:၀၄ ၁။ နိုင်ငံတော်သီချင်း
- ၇:၀၅ ၂။ မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိ
- ၇:၂၀ ၃။ ဓမ္မပူဇာတေး
- ၇:၂၅ ၄။ မျိုးချစ်တပ်မတော်
- ၇:၃၀ ၅။ မြန်မာ့ရှုခင်း
- ၇:၃၅ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၇:၅၀ ၈။ အမျိုးသားရေးတေးကဗျာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈:၁၅ ၁၁။ မြန်မာ့ရှုခင်း

**ညပိုင်း**

- ၄:၀၂ ၁။ နိုင်ငံတော်သီချင်း
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၄:၁၅ ၄။ စိုက်ပျိုးသုတ
- ၄:၂၅ ၅။ ရင်မှာစွဲလမ်း တော်ဝင်ပန်း
- ၄:၄၅ ၆။ ဗွီစီဒီကျော်ကြားတေး
- ၅:၀၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
- ၅:၃၀ ၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဟာသလွင်ပြင် (အပိုင်း-၅၃)**
- ၆:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၆:၂၀ ၁၁။ သံစဉ်လမ်းက လင်းလက်ကြယ်
- ၇:၀၀ ၁၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -လမင်းနေမင်းကြယ်တစ်စင်း (အပိုင်း-၆၉)**
- ၈:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၄။ အမျိုးသားရေးတေးကဗျာ
- ၁၅။ ဒို့တာဝန်အရေး(၃)ပါး
- ၁၆။ နိုင်ငံတကာသတင်း
- ၁၇။ မိုးလေဝသသတင်း
- ၁၈။ Talk of The Town
- ၁၉။ မေးမြန်းစူးစမ်း
- ၂၀။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -အမှတ်တရနေ့ရက်လေးများ (အပိုင်း-၉)**
- ၂၂။ Mini Series

# အမေရိကန်ဒေါ်လာနှင့် နိုင်ငံတကာငွေကြေးများလဲလှယ်နှုန်း

၁၃-၁၁-၂၀၁၁

| ငွေကြေးစနစ် | တစ်ဒေါ်လာလျှင်ယူနစ် | တစ်ယူနစ်လျှင်ဒေါ်လာ |
|---|---|---|
| ထိုင်း (ဘတ်) | ၃၀. ၇၄၀၀ | ၀. ၀၃၂၅၃ |
| တရုတ် (ယွမ်) | ၆. ၃၄၂၆၀ | ၀. ၁၅၇၆၆ |
| အိန္ဒိယ (ရူပီး) | ၅၀. ၀၀၀၀ | ၀. ၀၂၀၀၀ |
| မလေးရှား (ရင်းဂစ်) | ၃. ၁၄၂၅၀ | ၀. ၃၁၈၂၂ |
| စင်ကာပူ (ဒေါ်လာ) | ၁. ၂၈၀၄၀ | ၀. ၇၈၁၀၁ |
| ဂျပန် (ယန်း) | ၇၇. ၁၁၀၀ | ၀. ၀၁၂၉၇ |
| တောင်ကိုရီးယား(ဝမ်) | ၁၁၂၆. ၅၀ | ၀. ၀၀၀၈၉ |
| ယူရို | ၀. ၇၂၇၃၈ | ၁. ၃၇၄၈၀ |
| ဗြိတိသျှ (ပေါင်) | ၀. ၆၂၂၀၁ | ၁. ၆၀၇၇၀ |

**အင်တာနက်။**



# ပဲခူးမြို့နယ်တွင် မိုးစပါးစံကွက်ရိတ်သိမ်း

**ပဲခူး    နိုဝင်ဘာ    ၁၃**

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ကမာနတ်ကျေးရွာအုပ်စု ကွင်းအမှတ်(၆၃၉) ဦးပိုင်အမှတ် (၂၅/၁) တောင်သူ ဦးရွှေအုပ် စိုက်ပျိုးထားသော ဆင်းသုခ ၈ ဒသမ ၀၀ ဧကနှင့် မနောသုခ ၂ ဒသမ ၅၀ ဧကတို့၌ နိုဝင်ဘာ ၁၂ ရက်က တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်မြေစာရင်းဦးစီးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးတို့ စံကွက်ရိတ်သိမ်းစစ်ဆေးရာ ဆင်းသုခ (ကောင်း) ကိုယ်စားပြုစံကွက်မှ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၈၃ ဒသမ ၅၅ တင်းနှုန်းနှင့် မနောသုခ (သင့်)ကိုယ်စားပြုစံကွက်မှ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၇၂ ဒသမ ၂၅ တင်းနှုန်းထွက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

(၄၀၃)

# အထက(၄) မင်္ဂလာတောင်ညွန့် အာစရိယပူဇော်မည်

**ရန်ကုန်  နိုဝင်ဘာ  ၁၃**

စိန့်အန်ထော်နီ အထက(၄) မင်္ဂလာတောင်ညွန့်၏ (၁၆)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၂၀ ရက် (တနင်္ဂနွေနေ့) (အမျိုးသားနေ့) နံနက် ၉ နာရီတွင် အဆိုပါကျောင်းရှိ မင်္ဂလာသီရိခန်းမ၌ ကျင်းပမည်ဖြစ်ရာ မပျက်မကွက် တက်ရောက်ကြပါရန်နှင့် ကျောင်းအုပ်ဆရာကြီး ဖုန်း-၀၁-၃၇၅၈၈၄၊ ဆရာဦးစိန်ဝင်း ဖုန်း-၀၉-၇၃၀၃၀၀၀၅၊ ဦးအောင်ကျော်ဟန် ဖုန်း-၀၁-၃၇၉၅၉၁၊ ဦးဟန်ငွေး ဖုန်း-၀၁-၅၅၀၅၃၂၊ ဦးလှမြင့် ဖုန်း-၂၄၀၅၅၄၊ ဦးသက်မင်း ဖုန်း-၂၄၂၀၅၄ နှင့် ဦးသစ်လွင်(သချ်ာ) ဖုန်း-၀၉-၅၁၉၅၄၁၇ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

# ရခိုင်သဟာယအသင်း(ရန်ကုန်) ပညာသင်ထောက်ပံ့ဆု လျှောက်ထားနိုင်

**ရန်ကုန်  နိုဝင်ဘာ  ၁၃**

ရခိုင်သဟာယအသင်း (ရန်ကုန်)သည် တက္ကသိုလ်ပညာသင်ကြားရန် ခက်ခဲသော ကျောင်းသားများအား စိစစ်ရွေးချယ်၍ နှစ်စဉ်ပညာသင်ထောက်ပံ့ဆုများ ချီးမြှင့်လျက်ရှိရာ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်အတွက် အမှန်တကယ်လိုအပ်သော ကျောင်းသားများအနေဖြင့် ပညာသင်ထောက်ပံ့ဆု လျှောက်လွှာပုံစံများကို မိမိတို့နေထိုင်ရာ ရခိုင်ပြည်နယ် မြို့နယ်ကိုယ်စားလှယ်များနှင့် အမှတ်(၄၈၁) ဒုတိယထပ်(ယာ) ကျိုက္ကဆံလမ်း တာမွေမြို့နယ် ရန်ကုန်မြို့ရှိ အသင်းရုံးခန်းတို့၌ ရယူနိုင်ပြီး ပြည့်စုံစွာ ဖြည့်စွက်ထားသော လျှောက်လွှာများကို ဒီဇင်ဘာ ၃၁ ရက် နောက်ဆုံးထား၍ အသင်းရုံးခန်းသို့ ပေးပို့ကြရမည်ဖြစ်ကာ တက္ကသိုလ်ပညာသင်ထောက်ပံ့ဆု လှူဒါန်းလိုကြသော အလှူရှင်များအနေဖြင့် ဦးခင်မောင်စိုး ဖုန်း-၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း-၀၉-၅၀၀၁၁၈၀၊ ဦးထွန်းနိုင် ဖုန်း-၀၉-၈၅၁၀၄၀၀၊ ဦးလှမောင်သိန်း ဖုန်း-၀၉-၅၁၃၉၇၉၀၊ ဦးဦးမြင့်ကျော် ဖုန်း-၀၉-၅၀၆၄၆၅၃၊ ဦးသာမြကျော် ဖုန်း-၀၉-၅၁၅၅၄၁၉ နှင့် အသင်းရုံးခန်း ဖုန်း-၄၃၀၁၇၂ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)



**စမ်းချောင်းမြို့နယ် မြေနီကုန်း ဗားကရာလမ်းနေ မိဘများအား အမှူးထား၍ ဦးဇော်ဇော်ထွန်း-ဒေါ်ခင်အေး၊ သား မောင်ဇေယျာဦး၊ သမီး မအိမွန်ဇော် မိသားစုက ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၂) အဝေးပြေးလမ်းမကြီးပေါ်ရှိ ဦးလှထွန်း မေတ္တာရိပ်မွန်(ကင်ဆာ)ဖောင်ဒေးရှင်း အတွင်းလူနာ(ကင်ဆာ) ဗဟိုသို့ အလှူငွေကျပ် ၁၀ သိန်း လှူဒါန်းရာ အတွင်းရေးမှူး ဦးထွန်းအေး လက်ခံစဉ်။**

(ကြေးမုံ)



ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၃) သင်တန်းဆင်းပွဲအခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

# လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်
# နယ်မြေအသီးသီးမှ ဆရာ၊ ဆရာမများကလည်း မိမိတို့ကျရာကဏ္ဍကနေ ကာယ၊ဉာဏစွမ်းအားရှိသမျှ အားသွန်ခွန်စိုက် ပါဝင်လုပ်ကိုင်သွားကြ

နေပြည်တော် နိုဝင်ဘာ ၁၃

**အခြေခံပညာ ဆရာ၊ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၄၃) သင်တန်းဆင်းပွဲအခမ်းအနားကို နိုဝင်ဘာ ၁၂ ရက် နံနက် ၉ နာရီတွင် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူ တက်ရောက်အမှာစကား ပြောကြားသည်။**

အခမ်းအနားသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့-အဖွဲ့ဝင် ဒေါက်တာမြင့်အောင်၊ မန္တလေးတိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာဝင်းလှိုင်နှင့် တာဝန်ရှိသူများ၊ အခြေခံပညာဆရာ၊ ဆရာမ သင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၁၅၀၀ တက်ရောက်ကြသည်။

**ကျေပွန်စွာထမ်းဆောင်**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးကျော်သူက ပြောကြားရာတွင် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အား၊ နိုင်ငံတော်ကာကွယ်ရေးအင်အားဆိုသည့် အင်အား(၃)ရပ် တောင့်တင်းခိုင်မာရန်အတွက် နိုင်ငံသားများ၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန် အရေးကြီးကြောင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရန်အတွက် အဓိကမဏ္ဍိုင်သည် ပညာရေးဖြစ်ပြီး ပညာရေးတွင်လည်း အခြေခံပညာရေးကဏ္ဍသည် ပို၍ အဓိကကျနေခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် မျိုးဆက်သစ်လူငယ်များ အပါအဝင် တစ်နိုင်ငံလုံးလူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိကကျသည့် လိုအပ်ချက်ဖြစ်ကြောင်း၊ ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီ မြင့်မားတိုးတက်လာအောင် မြှင့်တင်ဆောင်ရွက်လျက်ရှိရာတွင် နယ်မြေဒေသအသီးသီးမှ ဆရာ၊ ဆရာမများကလည်း မိမိတို့ကျရာကဏ္ဍကနေ မိမိတို့ကာယ၊ ဉာဏစွမ်းအားရှိသမျှ အားသွန်ခွန်စိုက် ပါဝင်လုပ်ကိုင်သွားကြရန် မှာကြားလိုကြောင်း၊ ယနေ့ ၂၁ ရာစု မျက်မှောက်ခေတ်ကာလသည် Globalization ခေတ်၊ Information Technology Age (IT)ခေတ်၊ ပညာခေတ် (Knowledge Age) ခေတ်ဖြစ်သည်နှင့်အညီ သိပ္ပံပညာရပ်များ၊ ဝိဇ္ဇာပညာရပ်များ၊ အတွေးအခေါ် အယူအဆနှင့် ဖြစ်စဉ်ဖြစ်ရပ်များက လျင်မြန်သော အရှိန်အဟုန်ဖြင့် တိုးတက်ပြောင်းလဲ ဖြစ်ထွန်းလျက်ရှိကြောင်း၊ ယနေ့ တိုးတက်အောင်မြင်နေသောနိုင်ငံတိုင်းတွင် လူတိုင်း ခေတ်နှင့်အညီ အမီလိုက်နိုင်ရန်အတွက် အိုင်စီတီ (Information Communication Technology) ပညာကို ကျွမ်းကျင်တတ်မြောက်အောင် အပြိုင်အဆိုင်သင်ယူနေကြရကြောင်း၊ ကမ္ဘာ့ပညာရေးလောကတစ်ခုလုံးတွင်လည်း မည်သည့်ရည်မှန်းချက်၊ မျှော်မှန်းချက်များထားသင့်ကြောင်း၊ မည်သည့် Method များကိုဆုပ်ကိုင်၍ ပညာရေးစနစ်ကို ထူထောင်ရန်လိုကြောင်း ဆိုသည်များကို ရှာဖွေနေရသည့် ကာလကြီးဖြစ်ကြောင်း၊ နိုင်ငံတိုင်းက ပညာရေးပြုပြင်ပြောင်းလဲမှု Education Reform ကို ဆောင်ရွက်နေရသည့်ကာလတွင် မိမိတို့သည် အခြားနိုင်ငံများ၏ ပြုပြင်ပြောင်းလဲမှုကို တစေ့တစောင်းလေ့လာသင့်ကြောင်း၊ အချို့နိုင်ငံများ၏ ပြုပြင်ပြောင်းလဲမှုကောင်းများထဲက အချို့အချက်များကို ဆွဲထုတ်၍ Case Study လုပ်သင့်ပါကြောင်း၊ Knowledge Age ပညာခေတ်ကာလတွင် ဆရာ၊ ဆရာမတိုင်းသည် ဆရာပီသစွာဖြင့် အစဉ်လေ့လာသင်ယူမှုကို မြတ်နိုးတန်ဖိုးထားဆောင်ရွက်နေသူ၊ အစဉ်လေ့လာသင်ယူနေသူ (Life -Long Learner) ထာဝရကျောင်းသား ဖြစ်နေသကဲ့သို့ မိမိတပည့်များကိုလည်း အစဉ်လေ့လာသင်ယူမှုကို မြတ်နိုးတန်ဖိုးထားသူ (Love for Learning)၊ ဘဝတစ်လျှောက် အစဉ်လေ့လာသင်ယူနေသူများ (Life -Long Learner) ဖြစ်ပေါ်လာအောင် ဆောင်ကြဉ်း ပျိုးထောင်ပေးနေသူများဖြစ်ရန်အတွက် ကြိုးပမ်းဆောင်ရွက်သွားကြပါဟု မှာကြားလိုကြောင်း၊ နှစ်စဉ်ကျင်းပပြုလုပ်နေသည့် အမျိုးသားပညာရည်မြှင့်တင်ရေးနှီးနှောဖလှယ်ပွဲမှ နှစ်(၃၀) နှစ်ရှည်စီမံကိန်း၏ လုပ်ငန်းစဉ် (၁၀)ရပ်အတွက် ချမှတ်ပေးလိုက်သော လုပ်ငန်းတာဝန်များကိုလည်း ကျေပွန်စွာထမ်းဆောင်သွားကြပါဟု မှာကြားလိုကြောင်း စသည်ဖြင့် ပြောကြားသည်။

**ဆုများချီးမြှင့်**

ထို့နောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် ထူးချွန်ဆုရသင်တန်းသား၊ သင်တန်းသူများအား ဆုများချီးမြှင့်ပြီး သင်တန်းဆင်းအောင်လက်မှတ်များကို တပ်ခွဲအလိုက် ပေးအပ်ကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ယင်းနောက် ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌသည် သင်တန်းဆင်းဆရာ၊ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

**၁၄-၁၁-၂၀၁၁ (တနင်္လာနေ့)**

**နံနက်ပိုင်း**

| | | |
|---|---|---|
| ၇း၀၀ | ၁။ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဥပ္ပါတသန္တိပါဠိတော် |
| ၇း၃၀ | ၂။ | နံနက်ခင်းသတင်း |
| ၇း၄၀ | ၃။ | အင်္ဂဇယမင်္ဂလာ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆိုမျိုးနွယ်ဆွေ) |
| ၈း၀၀ | ၄။ | သံသာချိုအေးမင်္ဂလာတေး |
| ၈း၀၅ | ၅။ | သက်ရှည်ကျန်းမာလေ့ကျင့်ပါ |
| ၈း၁၀ | ၆။ | ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ |
| ၈း၂၀ | ၇။ | ချစ်စရာ့အရွယ်ကကြိုးသွယ် |
| ၈း၃၀ | ၈။ | "စက်မှုတပ်ဆင်လုပ်ငန်းတွင်" |
| ၈း၄၀ | ၉။ | International News |
| ၈း၄၅ | ၁၀။ | တေးဂီတအစီအစဉ် |
| ၉း၀၀ | ၁၁။ | အစီအစဉ်ပြီး၏။ |

**ညပိုင်း**

| | | |
|---|---|---|
| ၄း၀၀ | ၁။ | စစ်ချီတေး၊ စစ်သည်တေး |
| ၄း၁၀ | ၂။ | တေးဂီတအစီအစဉ် |
| ၄း၂၀ | ၃။ | အကပဒေသာ |
| ၄း၃၀ | ၄။ | "ဆီးချိုသွေးချိုကာကွယ်ပါ" |
| ၄း၅၀ | ၅။ | အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -တတိယနှစ် (မြန်မာမှုအထူးပြု) (မြန်မာစာ) |
| ၅း၀၅ | ၆။ | မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ |
| ၅း၁၀ | ၇။ | တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း) |
| ၅း၁၅ | ၈။ | မြန်မာစာ၊ မြန်မာစကား |
| ၅း၃၀ | ၉။ | မြန်မာတေးသံရှင်ရွေးချယ်ပွဲ |
| ၆း၀၀ | ၁၀။ | ညနေခင်းသတင်း |
| ၆း၁၅ | ၁၁။ | မိုးလေဝသအခြေအနေ |
| ၆း၂၀ | ၁၂။ | ဆိုကြမယ်၊ ပျော်ကြမယ် |
| ၇း၀၀ | ၁၃။ | **နိုင်ငံခြားဇာတ်လမ်းတွဲ "စိတ်ကူးနဲ့ ကြမ္မာ" (ဒုတိယတွဲ) (အပိုင်း-၁၆)** |
| ၈း၀၀ | ၁၄။ | ပြည်တွင်းသတင်း |
| | ၁၅။ | နိုင်ငံတကာသတင်းများ |
| | ၁၆။ | မိုးလေဝသအခြေအနေ |
| | ၁၇။ | ကမ္ဘာကျော်သရုပ်ဆောင်များ |
| | ၁၈။ | **အိန္ဒိယရုပ်ရှင် "မာနခဲ" (အပိုင်း-၁)** |
| | ၁၉။ | အစီအစဉ်ပြီး၏။ |

## လသာမြို့နယ် (၂) ရပ်ကွက်၌ မှုခင်းကျဆင်းရေးဟောပြော

**ရန်ကုန် နိုဝင်ဘာ ၁၃**

နိုဝင်ဘာ ၉ ရက် ညနေ ၅ နာရီတွင် ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ်ရဲတပ်ဖွဲ့မှ နယ်မြေအတွင်း မှုခင်းကျဆင်းရေး ပညာပေးဟောပြောပွဲကို လသာမြို့နယ် အမှတ်(၂)ရပ်ကွက် အမက(၁)ခန်းမ၌ ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးယုကြည်က မှုခင်းကျဆင်းရေးနှင့်ဖြစ်ပွားမှုများကိုလည်းကောင်း၊ စခန်းမှူးရဲအုပ်ထွန်းထွန်းဦးက ပြည်သူများ မှုခင်းအသိစိတ်ရှိစေရေးနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရေးကိုလည်းကောင်း ဟောပြောဆွေးနွေးကြကြောင်း သိရသည်။ **(အောက်ပုံ)** (၄၁)



## Sky Net မှ ဗုဒ္ဓမြတ်စွယ်တော်အား ၂၄ နာရီဖူးမြော်နိုင်ရန် တိုက်ရိုက်ထုတ်လွှင့် ပူဇော်ပြသမည်

**နေပြည်တော် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံ တစ်နံတစ်လျားရှိ ဗုဒ္ဓဘာသာဝင် ရဟန်းရှင်လူပြည်သူများ ဖူးမြော်ကြည်ညိုနိုင်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ နိုဝင်ဘာ ၆ ရက်တွင် စတုတ္ထအကြိမ် ခမ်းနားထည်ဝါစွာ ပင့်ဆောင်လာသည့် ဗုဒ္ဓမြတ်စွယ်တော်အား မြတ်နိုးကော်ရော်ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် နေပြည်တော် ဥပ္ပါတသန္တိစေတီတော်လိုဏ်အတွင်း၌ နိုဝင်ဘာ ၇ ရက်မှစတင်၍ နိုဝင်ဘာ ၂၀ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ည ၈ နာရီအထိ အပူဇော်ခံလျက်ရှိပြီး ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေ မဟာပါသာဏလိုဏ်အတွင်း၌ နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိလည်းကောင်း၊ မန္တလေးမြို့ မဟာအတုလဝေယံ(အတုမရှိ)ကျောင်းတော်ကြီး၌ ဒီဇင်ဘာ ၈ ရက်မှ ၂၃ ရက်အထိလည်းကောင်း အပူဇော်ခံမည်ဖြစ်သည်။

အနယ်နယ်အရပ်ရပ်မှ ရဟန်းရှင်လူပြည်သူများ ဗုဒ္ဓမြတ်စွယ်တော်အား အနီးကပ် ကြည်နူးစွာ ဖူးမြော်နိုင်ရေးအတွက် DTH စနစ်ဖြင့် Sky Net မှ Dhama Channel ရုပ်မြင်သံကြားလိုင်းအသစ်အား နိုဝင်ဘာ ၁၄ ရက်မှစတင်၍ ဗုဒ္ဓမြတ်စွယ်တော် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ပြန်လည်ကြွချီမည့် ဒီဇင်ဘာ ၂၄ ရက်အထိ နေ့စဉ် ၂၄ နာရီ တိုက်ရိုက် (Live) ထုတ်လွှင့်ပူဇော် ပြသသွားမည်ဖြစ်သည်။

သို့ဖြစ်၍ Sky Net ပရိသတ်များအနေဖြင့် DTH Receiver များအား update ပြုလုပ်သွားရန် လိုအပ်ကြောင်း၊ update ပြုလုပ်ပုံအဆင့်ဆင့်မှာ Menu ခလုတ်ကို နှိပ်၍installation အား ထပ်မံရွေးချယ်ခြင်းအားဖြင့် Password ထည့်သွင်းရန် DTH Receiver မှ တောင်းခံလာမည်ဖြစ်ကြောင်း၊ Password နံပါတ် သုညလေးလုံးအား ထည့်သွင်းပြီးနောက် Auto Scan ပြုလုပ်ခြင်းအားဖြင့် update ပြုလုပ်ပြီး ဗုဒ္ဓမြတ်စွယ်တော်အား Dhama Channel မှတစ်ဆင့် ဖူးမြော်ကြည်ညိုနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ပါရမီရှင်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲကျင်းပ

**ရှမ်း နိုဝင်ဘာ ၁၃**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွာငံမြို့နယ် လယ်ကိုင်းကျေးရွာ ပါရမီရှင် စာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲအခမ်းအနားကို နိုဝင်ဘာ ၆ ရက်က အဆိုပါ စာကြည့်တိုက် အဆောက်အအုံရှေ့၌ ကျင်းပရာ အခမ်းအနားတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌဦးထူးကိုကိုက ၂၁ လက်မ ရောင်စုံရုပ်မြင်သံကြားစက်တစ်လုံး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ZEC EVD စက်တစ်လုံး၊ အလှူရှင်များကိုယ်စား အရှင်သုမန(ပါရမီရှင်)မှ မဟာဗုဒ္ဓဝင်ကျမ်းနှင့် စာအုပ်စာစောင်များ၊ အလှူရှင်များကိုယ်စား အမှုဆောင်အရာရှိ ဦးမြတ်ခန့်အေးက ငွေကျပ် ၂၅၀၀၀၀ တန်ဖိုးရှိစားပွဲနှင့် ကုလားထိုင်များ၊ မြို့နယ်ဦးစီးဌာနမှူး ဒေါ်သင်းသင်းမော်က စာအုပ်စာတမ်းများနှင့် ရွာငံမြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ TV Antenna တစ်ခု ပေးအပ်လှူဒါန်းခဲ့ကြရာ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်ထွန်းနှင့် တာဝန်ရှိသူများက လက်ခံရယူကြပြီး ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကို၊ စာကြည့်တိုက် အလှူရှင် အရှင်သုမန(ပါရမီရှင်)၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘုန်းထက်နိုင်မြင့်တို့က ပါရမီရှင် စာကြည့်တိုက် အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါ စာကြည့်တိုက် အဆောက်အအုံအား အလှူရှင်များနှင့် ပြည်သူလူထု ထည့်ဝင်ငွေကျပ် စုစုပေါင်း ၂၈ သိန်းကျော် အကုန်အကျခံ ဆောက်လုပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်ပြန်/ဆက်)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်

**စဉ့်ကူး နိုဝင်ဘာ ၁၃**

၂၀၁၁ ခုနှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက စဉ့်ကူးမြို့ အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမဆောင်၌ ကျင်းပရာ ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုင်းမောင်လူနှင့် မြို့နယ်ပညာရေးမှူး ဦးပေါင်ဇနန်တို့က အဖွင့်အမှာစကား ပြောကြားကြပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးဝင်းမောင်(ဝင်းမောင်-ပြန်/ဆက်)နှင့် ကျောင်းအုပ်ဆရာကြီး ဦးလှသောင်း (ဝိဇ္ဇာမောင်လှမဲ)တို့က ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဂုဏ်ပြုကဗျာများဖြင့် သီဆိုဂုဏ်ပြုကြသည်။

ထို့နောက် မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ပညာရေးမှူးတို့က အထိမ်းအမှတ် ထူးချွန်ကျောင်းအုပ်ဆရာကြီး ဦးစောထွန်း (ညောင်ဝန်း)နှင့် အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်တို့တွင် ဆုရရှိကြသော ကျောင်းသား၊ ကျောင်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

# အီရန်တော်လှန်ရေးအစောင့်တပ် လက်နက်သိုလှောင်ရုံ ပေါက်ကွဲမှုဖြစ်၊ တပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံး

**တီဟီရန် နိုဝင်ဘာ ၁၃**

အီရန်နိုင်ငံ မြို့တော်တီဟီရန်မှ ၃၅ ကီလိုမီတာ ကွာဝေးသော အစ္စလာမ့်စ်တော်လှန်ရေးအစောင့်တပ်ဖွဲ့(အိုင်အာဂျီစီ)မှ မြို့စောင့်တပ်အတွင်း စနေနေ့က ပေါက်ကွဲမှု နှစ်ကြိမ်ဆက်တိုက်ဖြစ်ပွားခဲ့ရာ တော်လှန်ရေးအစောင့်တပ်ဖွဲ့ဝင် ၁၇ ဦး သေဆုံးခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက ဖော်ပြသည်။

တီဟီရန်မြို့အနီး မြောက်ပိုင်းအယ်လ်ဘော့ပြည်နယ် ဘစ်ဂါနက်ချ်ကျေးရွာအတွင်းရှိ အိုင်အာဂျီစီက ပိုင်ဆိုင်သည့် လက်နက်သိုလှောင်ရုံအတွင်း၌ ပေါက်ကွဲမှုများဖြစ်ပွားခဲ့ခြင်းဖြစ်သည်။



နိုဝင်ဘာ ၁၂ ရက်က ဖြစ်ပွားခဲ့သည့် အီရန်တော်လှန်ရေးအစောင့်တပ်ဖွဲ့၏ လက်နက်သိုလှောင်ရုံပေါက်ကွဲမှုမြင်ကွင်းကို ဤသို့တွေ့ရစဉ်။

အီရန်လခြမ်းနီအဖွဲ့အကြီးအကဲ မာမွတ်မိုဇာဖာ၏ ပြောကြားချက်ကို ကိုးကား၍ ပြည်တွင်းမီဟာသတင်းဌာနက ဖော်ပြရာတွင် ပေါက်ကွဲမှုကြောင့် ထွက်ပေါ်လာသည့် မီးခိုးလုံးကြီးများသည် မည်းမှောင်နေသဖြင့် ဒဏ်ရာရရှိသူများထံသို့ ကယ်ဆယ်ရေးသမားများ သွားရောက်ရန် ခက်ခဲနေကြောင်း၊ နောက်ထပ်တစ်ကြိမ် ပေါက်ကွဲနိုင်ဖွယ်ရာရှိကြောင်း ရေးသားသည်။

ပေါက်ကွဲသံမှာ ကျယ်လောင်လွန်းလှသဖြင့် အခင်းဖြစ်ရာနေရာနှင့် ကီလိုမီတာအတော်အတန်ဝေးသည့် ကွတ်နှင့်ရှာဟာယာမြို့မှ မြို့သူ မြို့သားများမှာ ထိတ်လန့်တုန်လှုပ်ခဲ့ကြကြောင်း အီရန်လွှတ်တော်အမတ် ဟူစိန်ဂါရူစီက ပြောကြားသည်။

သေဆုံးသူများတွင် အိုင်အာဂျီစီ ထိပ်တန်းတပ်မှူးများအနက်မှ တစ်ဦးပါဝင်ကြောင်း အိုင်အာဂျီစီ ပြည်သူ့ဆက်ဆံရေးဌာနက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။ ၎င်းတပ်မှူးသည် အိုင်အာဂျီစီ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဂျာဟတ်အဖွဲ့၏ အကြီးအကဲဖြစ်သည်။ အဆိုပါ ပေါက်ကွဲမှုသည် သတင်းဌာနအချို့ ရေးသားသကဲ့သို့ နျူကလီးယားစမ်းသပ်မှုနှင့် ဆက်စပ်ခြင်းမရှိကြောင်း အိုင်အာဂျီစီ ပြည်သူ့ဆက်ဆံရေးဌာနအကြီးအကဲ ဗိုလ်ချုပ်ကြီး ရာမဲဇန်ရှရစ်က ငြင်းဆိုသည်။ **အင်တာနက်။**

# ပါကစ္စတန်တွင် ကလေးငယ်များ သေဆုံးမှု၏ ငါးပုံတစ်ပုံမှာ အဆုတ်ရောင်ရောဂါကြောင့်ဟုဆို

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၁၃**

ပါကစ္စတန်နိုင်ငံတွင် ကလေးငယ်များ သေဆုံးမှု၏ ငါးပုံတစ်ပုံခန့်မှာ အဆုတ်ရောင်ရောဂါကြောင့်ဖြစ်သည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ ထုတ်ပြန်သောအစီရင်ခံစာကို ဒေသတွင်းသတင်းမီဒီယာက နိုဝင်ဘာ ၁၂ ရက်တွင် ကိုးကားဖော်ပြခဲ့သည်။

နှစ်စဉ် နိုဝင်ဘာ ၁၂ ရက်တွင် ကျရောက်သည့် ကမ္ဘာ့အဆုတ်ရောင်ရောဂါနေ့တွင် ထုတ်ပြန်သော ကမ္ဘာ့ကျန်းမာရေးအဖွဲ့(ဒဗလျူအိတ်ချ်အို)၏ ထုတ်ပြန်ချက်၌ ပါကစ္စတန်နိုင်ငံအတွင်း အဆုတ်ရောင်ရောဂါနှင့် ဆက်စပ်ရောဂါများကြောင့် ကလေးငယ်များစွာ သေဆုံးရပြီး အာဟာရချို့တဲ့မှု၊ မသင့်လျော်သောအချိန်၌ ကုသမှု၊ ရောဂါလက္ခဏာ မှားယွင်းသတ်မှတ်မှုနှင့် ပဋိဇီဝဆေးဝါးများကို မဆင်မခြင် သုံးစွဲမှုများသည်လည်း ကလေးငယ်များ သေဆုံးမှုနှုန်း မြင့်တက်စေသည့် အခြားသောအကြောင်းအချက်များ ဖြစ်သည်ဟု ဆိုသည်။ **ဆင်ဟွာ။**



တူရကီနိုင်ငံ အရှေ့ပိုင်း ဗန်မြို့ ငလျင်ဘေး သင့်ပြီးနောက် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကို တွေ့ရစဉ်။

# တူရကီငလျင်ဘေး သေဆုံးသူ ၃၉ ဦးအထိ ရှိလာ

**အင်ကာရာ နိုဝင်ဘာ ၁၃**

တူရကီနိုင်ငံတွင် မကြာမီရက်ပိုင်းက လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် သေဆုံးသူဦးရေ ၃၉ ဦးအထိ ရှိလာကြောင်း အနာတိုလီယာသတင်းဌာနက နိုဝင်ဘာ ၁၃ ရက်တွင် ဖော်ပြသည်။

တူရကီငလျင်ကြောင့် နိုင်ငံအရှေ့ပိုင်းရှိ ဗန်မြို့မှ ဟိုတယ်နှစ်လုံး ပြိုကျရာတွင် အဆိုပါ ၃၉ ဦး သေဆုံးရကြောင်း တူရကီနိုင်ငံ သဘာဝဘေးအန္တရာယ်နှင့် အရေးပေါ်စီမံခန့်ခွဲရေးဌာနမှ တာဝန်ရှိပုဂ္ဂိုလ် ဆစ်တ်ဒါရီ၏ပြောကြားချက်အရ သတင်းက ဖော်ပြသည်။

ငလျင်ဒဏ်ကို ဗန်မြို့အနောက်တောင်ဘက်မှ ကီလိုမီတာ ၂၀ ကွာဝေးသော အီဒါဗစ်မြို့တွင်ခံရကြောင်း၊ နိုဝင်ဘာ ၉ ရက် ဒေသစံတော်ချိန် ၉ နာရီ ၂၃ မိနစ်က ဖြစ်ကြောင်း သတင်းတွင် ဖော်ပြသည်။

ငလျင်ကြောင့် အထက်ပါ ဟိုတယ်နှစ်လုံးအပါအဝင် အဆောက်အအုံ ၂၅ လုံးခန့် ပြိုကျကြောင်း၊ တူရကီကြက်ခြေနီတပ်ဖွဲ့က ဗန်ပြည်နယ်မှ ငလျင်ဒဏ်ခံရသူများအတွက် နေထိုင်စရာ ယာယီရွက်ဖျင်တဲ ၉၈၆ လုံးနှင့် ကယ်ဆယ်ရေးလုပ်သား ၇၈၃ ဦးကို အလျင်အမြန် ပေးပို့စေလွှတ်ခဲ့ကြောင်း သိရသည်။ **ဆင်ဟွာ။**

# နီပေါလေကြောင်းလိုင်းမှ လေယာဉ်ဂီယာများ ပျောက်ဆုံး

**ခတ္တမန္ဒူ နိုဝင်ဘာ ၁၃**

နီပေါလေကြောင်းလိုင်းကော်ပိုရေးရှင်း(အေအင်န်စီ)က ၎င်း၏ တွင်အော်တာ လေယာဉ်နှစ်စင်းမှ မြေပြင်ဆင်းဂီယာများ လွန်ခဲ့သည့်လအတွင်းက ပျောက်ဆုံးသွားကြောင်း နိုဝင်ဘာ ၁၃ ရက်တွင် ကြေညာခဲ့သည်။

ယင်းပစ္စည်းသည် လေယာဉ်ပျံတက်ချိန်နှင့် ဆင်းသက်ချိန်တွင် မရှိမဖြစ်သော စက်ကိရိယာများဖြစ်၍ ပြန်လည်ပြုပြင်မွမ်းမံရန်အတွက် စက်တင်ဘာလက လန်ဒန်အခြေစိုက် အေအီးအမ်လီမိတက်သို့ ပေးပို့ခဲ့သည်။ အထောက်အထား စာရွက်စာတမ်းများအရ အောက်တိုဘာလလယ်တွင် ပြန်လည်ရရှိပြီး ဖြစ်ကြောင်း တွေ့ရသည်။

လွန်ခဲ့သည့် တစ်လခန့်က အဆိုပါ ပြန်လည်ပြင်ဆင်ပြီး ဂီယာကို ကုန်လှောင်ရုံအတွင်း သွားရောက်ယူသည့်အခါ ရှာဖွေမတွေ့ရှိကြောင်း အေအင်န်စီတာဝန်ရှိသူများ၏ ပြောကြားချက်ကို တနင်္ဂနွေနေ့ထုတ် ရီပတ်ဗလီကန်သတင်းစာက ကိုးကားဖော်ပြခဲ့သည်။ ထိုစက်ကိရိယာကို ပြန်လည်ပြင်ဆင်သည့် အဖိုးအခအဖြစ် ဒေါ်လာ ၁၄၀၀၀၀ ပေးခဲ့ရသည်။

ယင်းပစ္စည်းကို ထိုင်းလေကြောင်းလိုင်းမှတစ်ဆင့် နီပေါနိုင်ငံသို့ ပို့ဆောင်ပေးခဲ့သည်။ လေဆိပ်တွင် အကောက်ခွန်ဌာနမှ စစ်ဆေး၍ ကုန်လှောင်ရုံသို့ ပို့ပေးခဲ့သည်။ သို့သော် အေအင်န်စီတာဝန်ရှိသူများက သွားရောက်ထုတ်ယူသည့်အခါ ကုန်လှောင်ရုံ၌ မရှိဟု အေအင်န်စီသတင်းအရင်းအမြစ်က ပြောကြားသည်။

မြို့တော် ခတ္တမန္ဒူရှိ ထရီဘူဗန်နိုင်ငံတကာလေဆိပ်၏ ကုန်လှောင်ရုံကို နီပေါထရန်းစစ်ဝဲယားဟောက်စ်ကုမ္ပဏီက (အင်န်တီဒဗလျူစီ)စီမံခန့်ခွဲသည်။ ယင်းဂီယာများ ပျောက်ဆုံးကြောင်း အတည်မပြုမီ သိုလှောင်ရုံမှ ယင်းတို့ကို ထုတ်ပေးပြီး ဖြစ်နိုင်ဖွယ်ရာရှိသဖြင့် စာရွက်စာတမ်းများကို ပြန်လည်တိုက်ဆိုင်စစ်ဆေးဦးမည်ဖြစ်ကြောင်း ခရီးသွားနှင့် လေကြောင်းဝန်ကြီးဌာန တွဲဖက်အတွင်းရေးမှူး ရမ်ဂျန်ကရစ်ရှနားအာယားက ပြောသည်။

အဆိုပါ ဂီယာများ ပျောက်ဆုံးခြင်းကို ရှင်းရှင်းလင်းလင်းဖြစ်စေရန်အတွက် အင်န်တီဒဗလျူစီမှ တာဝန်ရှိသူများနှင့် ဆွေးနွေးရန် ပြင်ဆင်နေကြောင်း အေအင်န်စီ တာဝန်ရှိသူများက ပြောကြားသည်။

**အင်တာနက်။**

# ထိုင်းနိုင်ငံ ရေကြီးမှုတွင် ပြည်နယ် ၂၁ ခုမှ အလုပ်သမားတစ်သန်းကျော် ဘေးဒုက္ခရောက်

ဗန်ကောက် နိုဝင်ဘာ ၁၃

**ထိုင်းနိုင်ငံတွင် လွန်ခဲ့သည့်ဇူလိုင်လမှစ၍ ရေလွှမ်းမိုးမှု အကြီးအကျယ်ဖြစ်ပေါ်ခဲ့ရာ ပြည်နယ် ၂၁ ခုအတွင်းမှ အလုပ်သမား တစ်သန်း ရေဘေးဒုက္ခကြုံခဲ့ရကြောင်း ထိုင်းအလုပ်သမားကာကွယ်ရေးနှင့် လူမှုရေးဌာနက နိုဝင်ဘာ ၁၃ ရက်တွင် ပြောကြားသည်။**

ယင်းဌာနအဆိုအရ ထုတ်လုပ်ရေးလုပ်ငန်းပေါင်း ၂၈၅၀၀ ရေနစ်မြုပ်ခဲ့ရာ ၎င်းတို့အနက် ၅၄၀၀ မှာ လုပ်ငန်းများ စတင်လည်ပတ်၍ အလုပ်သမားပေါင်း ၁၁၆၀၀၀ ကို အလုပ်အကိုင်များ ပြန်လည်ပေးအပ်နိုင်ခဲ့သည်။ အလုပ်သမား ၉၀၀၀၀၀ ကျော်မှာမူ အလုပ်အကိုင် ရပ်နားထားခြင်းခံနေရ၍ အလုပ်လက်မဲ့ဒုက္ခ ခံစားနေကြရသည်။

အယုဒ္ဓယအလယ်ပိုင်း ပါထွန်သနီနှင့် ခြာခြောင်ဆာအိုပြည်နယ်များအတွင်းရှိ ရေကြီးမှုကြောင့် ပျက်စီးသွားသောစက်ရုံများမှ အလုပ်သမား ၄၅၀၀ ခန့်မှာ ယခုအချိန်ထိ ဒုက္ခရောက်နေဆဲဖြစ်သည်။

ကြီးမားစွာရေကြီးမှု၏ အကျိုးဆက်အဖြစ် အလုပ်သမားများ၏ ဒုက္ခများကိုဖြေရှင်းပေးသည့်အနေဖြင့် ရေဘေးဒုက္ခသည် အလုပ်သမားများကို ရေလွှမ်းမိုးမှုမှ လွတ်ကင်းသော ပြည်နယ်များအတွင်းရှိ စက်ရုံများသို့ ပြန်လည်နေရာချထားပေးရန် စီမံချက်တစ်ရပ်ကို အဆိုပါ အလုပ်သမားဌာနက စတင်ဆောင်ရွက်လျက်ရှိသည်။

၎င်းစီမံချက်သို့ ပြည်နယ် ၄၁ ခုမှ စက်ရုံပေါင်း ၅၃၀ က ပါဝင်၍ အလုပ်အကိုင်နေရာပေါင်း ၆၆၀၀၀ ကမ်းလှမ်းထားသည်။

လွန်ခဲ့သည့်လက အယုဒ္ဓယနှင့် ပါထွန်သနီပြည်နယ်များအတွင်းရှိ စက်မှုဇုန်များကို ရေလွှမ်းမိုးခဲ့ရာ ရာစုဝက်အတွင်း အဆိုးရွားဆုံးရေကြီးမှုဖြစ်သည်။ အကျိုးဆက်အဖြစ် အနည်းဆုံး အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ ဘီလီယံဖိုး ပျက်စီးဆုံးရှုံးခဲ့ပြီး ပြန်လည်ထူထောင်ရေးကာလမှာ ခြောက်လခန့် အချိန်ယူရမည်ဖြစ်သည်။ **အင်တာနက်။**



ယခုနှစ် ဇူလိုင်လမှ စတင်ဖြစ်ပွားခဲ့သော ထိုင်းနိုင်ငံ ရေဘေးသင့်မှုတွင် အလုပ်ရုံများ ရေနစ်မြုပ်ခဲ့မှု မြင်ကွင်း။

# ပါကစ္စတန်အနောက်မြောက်ပိုင်းတွင် သီးခြားနှစ်နေရာ၌ တိုက်ခိုက်မှုဖြစ် ၁၆ ဦးထက်မနည်း သေဆုံး



**အစ္စလမ္မာဘတ် နိုဝင်ဘာ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံနှင့် ကပ်လျက်တည်ရှိသော ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ခိုင်ဘာမျိုးနွယ်စုများ နေထိုင်ရာဒေသတွင် နိုဝင်ဘာ ၁၃ ရက် နံနက်ပိုင်းက သီးခြားနှစ်နေရာ၌ တိုက်ခိုက်မှုဖြစ်ပွားရာ လူ ၁၆ဦးထက်မနည်း သေဆုံး၍ ကိုးဦးဒဏ်ရာရရှိကြောင်း ဒေသဆိုင်ရာသတင်းဌာနများက ဖော်ပြသည်။

ပထမအကြိမ်တိုက်ခိုက်မှုသည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်က ခိုင်ဘာဒေသ ဆီပက်ချ်တွင် ဖြစ်ပွားကြောင်း၊ မော်တာကျည်တစ်လုံးကျရောက်ပေါက်ကွဲရာ အိမ်တစ်လုံးမီးလောင်ကြောင်း၊ ကလေးသုံးဦးအပါအဝင် ရှစ်ဦးထက်မနည်းသေဆုံးကြောင်း၊ နှစ်ဦးဒဏ်ရာရရှိကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားပီတီဗွီက ထုတ်လွှင့်သည်။

ယင်းပေါက်ကွဲမှုဖြစ်ပွားပြီး အချိန်အနည်းငယ်အကြာတွင် နောက်ထပ်တိုက်ခိုက်မှုသည် ခိုင်ဘာဒေသ တီးရတ်ချ်ဗယ်လီတွင်ရှိသော ဈေးတစ်ဈေး၌ဖြစ်ပွားပြန်ရာ ဒေသခံပြည်သူ့စစ်အဖွဲ့ဝင် ရှစ်ဦးသေဆုံးကာ ခုနစ်ဦးဒဏ်ရာရရှိကြောင်း သတင်းတွင် ဖော်ပြသည်။ **ဆင်ဟွာ။**

## သိမှတ်ဖွယ်ရာ ဘာသာစကား

# စကားလုံးတွဲ အသုံးကွဲ

မြန်မာဘာသာစကားတွင် ပါဠိ၊ သက္ကတ၊ နိုင်ငံခြားဘာသာစကားအချို့တို့ ရောပြွမ်းပါဝင်ပြီး ပြည်ထောင်စုဖွား တိုင်းရင်းသား ဘာသာစကားတို့ကလည်း တစ်မြေတည်းနေ တစ်ရေတည်းသောက်အဖြစ် အကြောင်းအားလျော်စွာ ဖြည့်စွက်ထုံမွမ်းထားရာ ကြွယ်ဝသော မြန်မာစကားအဖြစ်သို့ ယနေ့ရောက်ရှိနေလေပြီ။

မြန်မာစကားဖြစ်သည့် ကညစ်၊ ကန်တော့၊ ကျိုက်၊ ကနုကမာ၊ ကူးတို့၊ ကတ္တူ၊ ကပ်သပေါင်း အစရှိသည်တို့သည် မွန်ဘာသာမှလာသော စကားဖြစ်ပြီး ကျိုင်း၊ ဟော်၊ စော်ဘွား အစရှိသည်တို့မှာ ရှမ်းဘာသာမှ ရယူသောစကားများ ဖြစ်လေသည်။ သို့သော် အဓိပ္ပာယ်ဆင်တူသော မြန်မာစကားလုံးတွဲမှ ဗမာနှင့် ရခိုင်တို့က စကားတစ်လုံးချင်းစီ ခွဲဝေယူပြီး ယနေ့တိုင် ပြောဆိုသုံးနှုန်းနေသည်မှာ အလွန်စိတ်ဝင်စားဖွယ်ကောင်းကြောင်း တွေ့ရှိ၍ သုတေသီ ပညာရှင်များ လေ့လာနိုင်ရန် အလို့ငှာ ဉာဏ်မီသလောက် ဖော်ပြလိုက်ပါသည်။

တစ်ခါက ရခိုင်ပြည်နယ် စာသင်ကျောင်း တစ်ကျောင်း၌ စာမေးပွဲစစ်ဆေးနေစဉ် ကျောင်းသားတစ်ယောက်သည် ဖြစ်ရိုးဖြစ်စဉ်မဟုတ်ဘဲ အပြင်သို့ထွက်လျက် စာမေးပွဲဖြေဆိုနေရာ ဆရာမက 'ဟဲ့ ဘာဖြစ်လို့ အပြင်ထွက်ဖြေရတာလဲ' ဟု မေးမြန်းသည်တွင် ကျောင်းသားက 'မိုက်လို့ ဆရာမ'ဟု ပြန်ပြောလေ၏။ ဆရာမက မျက်နှာထားတင်းတင်းဖြင့် 'ဘာပြောတယ်'ဟု ပြောလိုက်ရာ ကျောင်းသားက တစ်စုံတစ်ရာ အမူအရာကိုမပြဘဲ 'သိပ်မိုက်တယ်ဆရာမ'ဟု တရိုတသေ ပြောရှာ၏။ အကြောင်းမှန်ကို ရုတ်တရက်မသိသေးသည့် ဆရာမသည် အစပထမ၌ စိတ်ဆိုးဟန် ရှိသော်လည်း ရခိုင်ဆရာမများက 'စာသင်ခန်းမှောင်နေလို့ဖြစ်မှာပေါ့' ဟု ရှင်းလင်းပေးတော့မှ အဖြစ်မှန်ကိုသိကြကာ ငိုအားထက် ရယ်အားသန်ဖြစ်သောဟူ၏။

'မှောင်မိုက်'ဆိုသည့် အဓိပ္ပာယ်တူစကားလုံးတွဲ၌ ဗမာက 'မှောင်'တစ်လုံးတည်းကို ခွဲစိတ်ယူကာ 'ညမှောင်နေပြီ၊ အပြင်မထွက်နဲ့တော့'ဟု ပြောဆိုသုံးနှုန်းသော်လည်း ရခိုင်တွင် 'ညမိုက်နေပြီ၊ အပြင်မထွက်နဲ့'ဟု သုံးနှုန်းပါသည်။

'ကန်ကျောက်'ဟူသော အနက်တူစကားလုံးတွဲတွင် ရခိုင်က 'ကျောက်'ကိုယူ၍ ဗမာက 'ကန်' ကို ယူထားသည်။ ဗမာတစ်ယောက်အား 'ဒီလူတွေ ဘောလုံးကျောက်နေကြတယ်'ဟု ပြောလျှင် 'ဘာကြောင့်ကျောက် (ကြောက်)နေရမှာလဲ၊ အသက်ရှိတဲ့အရာမှ မဟုတ်ဘဲ'ဟု ပြောမိမည်ထင်ပါ၏။ ရခိုင်က 'ဘောလုံးကန်သည်'ဟု ဆိုရိုးမရှိဘဲ 'ဘောလုံးကျောက်သည်'ဟုသာ သုံးနှုန်းသည်မှာ ယခုတိုင်ဖြစ်လေ၏။ 'လသာသည်'ကိုလည်း ရခိုင်က 'လပသည်'ဟုသာ သုံးနေဆဲဖြစ်ပါ၏။ လသာခြင်း၊ လပခြင်းတို့သည် ဆင်တူအဓိပ္ပာယ်ရှိနေခြင်းကြောင့် ဖြစ်ပါသည်။ 'ကိုက်ခဲ'ဟူသော စကားလုံးတွဲတွင် ဗမာက 'နေမကောင်း၍ ခေါင်းကိုက်သည်'ဟု ပြောမည်ဖြစ်သော်လည်း ရခိုင်များက 'ခေါင်းခဲသည်' ဟုသာ တွင်တွင် သုံးသည်ဖြစ်၏။ 'ကိုက်ညှပ်'ဟူသော စကားလုံးတွဲတွင်လည်း ရခိုင်တို့က 'ဆံပင်ကိုက်သည်'ဟု ပြောရိုးပြောစဉ်ရှိသော်လည်း ဗမာက 'ဆံပင်ညှပ်သည်'ဟု ပြောဆိုမှသာ နားလည်နိုင်မည်ဖြစ်သည်။

'ဝမ်းဗိုက်'စကားလုံးတွဲတွင် ဗမာက 'ဗိုက်'ကို အသုံးများပြီး ရခိုင်က 'ဝမ်း'ကို တွင်တွင်သုံးနေသည်။ ဗမာက 'ဗိုက်အောင့်သည်'ဆိုလျှင် ရခိုင်က 'ဝမ်းအည်းသည်'ဟုသုံးလေ၏။ 'အောင့်အည်း'ဆိုသည့် စကားလုံးတွဲတွင် ဗမာက 'အောင့်'ကိုယူ၍ ရခိုင်က 'အည်း'ကိုယူထားသဖြင့် 'ဗိုက်အောင့်သည်'ဆိုသော ဗမာအသုံးအနှုန်းမှ 'ဝမ်းအည်းသည်' ဟူသော ရခိုင်အသုံးအနှုန်းအဖြစ်သို့ ပြောင်းသွားလေ၏။ ကိုယ်လေးလက်ဝန်ရှိသဖြင့် 'ဗိုက်နာသည်' ဟု ဗမာကပြောလျှင် ရခိုင်က 'ကိုယ်ဝန်ကျင်သည်' ဟုသာ ပြောမည်ဖြစ်၏။ 'နာကျင်'ဟူသော စကားလုံးတွဲကို ဗမာက 'နာ'တစ်လုံးတည်းခွဲယူပြီး ရခိုင်က 'ကျင်' တစ်လုံးတည်းကို ရယူထားခြင်းဖြစ်ကြောင်း ဖော်ပြသည့် အသုံးအနှုန်းဖြစ်ပါသည်။

ရခိုင်အမျိုးသားများ၏ အိမ်သို့ သွားရောက်လည်ပတ်လျှင် အိမ်သူအိမ်သားတို့က 'ရေပူသောက်ပါ' ဟုသာ ပြောကြ၏။ 'ပူနွေး' စကားလုံးတွဲတွင် ရခိုင်က 'ရေပူ'ကိုယူ၍ မြန်မာက 'ရေနွေး'ကို ယူထား၏။

ရင်ကျပ်ရောဂါကြောင့် ဝေဒနာခံစားရသဖြင့် 'ပင်ပန်း'ခြင်းဖြစ်ကြ၏။ သို့ဖြစ်၍ ထိုရောဂါကို 'ပန်းနာ' ဟု ဗမာကခေါ်သော်လည်း ရခိုင်က 'ပင်နာ'ဟုသာ ခေါ်လေ့ရှိ၏။ 'ပင်ပန်း' ဆိုသည့် စကားလုံးတွဲကို ရခိုင်က 'ပင်'ကိုယူ၍ ဗမာက 'ပန်း'ကို ယူထားခြင်းဖြစ်၏။ 'မွန်းကျပ်'ဆိုသော စကားလုံးတွဲကို ဗမာက 'ရင်ကျပ်သည်၊ အသက်ရှူမဝ' ဆိုသည့် အဓိပ္ပာယ်ဖြင့် သုံးသော်လည်း ရခိုင်က 'ရင်မှာမွန်းနေသည်၊ အသက်ရှူမဝ' ဟုသာ အသုံးတွင်လျက်ရှိသည်။

'ဆာလောင်မွတ်သိပ်' စကားလုံးတွဲ၌ 'ထမင်းဆာပြီ၊ စားကြစို့' ဟု ဗမာက သုံးရိုးဖြစ်ပြီး အများနားလည်သည့် စကားဖြစ်၏။ သို့သော် ရခိုင်က 'ထမင်းမွတ်ပြီ၊ စားကြစို့' ဟု သုံးပါသည်။

'သွားလား'နှင့် 'အလျင်အမြန်' စကားလုံးတွဲတို့အား ရောထွေးသုံးနှုန်းပုံကလည်း တစ်မျိုးတစ်ဘာသာ တစ်ရွာတစ်ပုဒ်ဆန်းဖြစ်နေ၏။ ရခိုင်က 'အလျင်အလျင်လား' (အရင် အရင်လား) ဟု ဆိုမည်ဖြစ်သော်လည်း ဗမာက 'အမြန်သွားပါ'ဆိုမှ နားလည်နိုင်မည်ဖြစ်သည်။ 'သွားလား' တွင် ဗမာက 'သွား'ကိုယူ၍ ရခိုင်က 'လား' ကို ယူထားသည်။ သွားရာလမ်း၊ လားရာလမ်းတို့သည် အတူတူအဓိပ္ပာယ်ထွက်ကြ၏။ 'အလျင်' ကို ရခိုင်က ယူထား၍ 'အမြန်'ကို ဗမာက ပြောရိုးဖြစ်သည်။

'ကြွားဝါ' စကားလုံးတွဲတွင် ရခိုင်က 'ဒီကောင်ပြောတာ မယုံနဲ့၊ သူက အဝါသန်'ဟု ပြောမည်ဖြစ်သော်လည်း ဗမာတစ်ဦးကဆိုလျှင် ဤအသုံးအနှုန်းကို လုံးဝနားလည်လိမ့်မည်မဟုတ်ပါ။ 'ဒီကောင်ပြောတာ မယုံနဲ့၊ သူအကြွားသမားပါ' ဆိုမှ ရှင်းလင်းမည်ဖြစ်ပါသည်။ 'သူ မာန်ပါနေပြီ၊ ဆက်ပြီးစကားမပြောနဲ့တော့'ဟု ရခိုင်က သုံးမည်ဖြစ်သော်လည်း ဗမာက 'သူ စိတ်ဆိုးနေပြီ'ဟုသာ သုံးမည်ဖြစ်သဖြင့် 'စိတ်ဆိုးမာန်ပါ' စကားလုံးတွဲကို ခွဲဝေသုံးနှုန်းခြင်းဖြစ်လေ၏။

အထက်ပါ အနက်တူ စကားလုံးတွဲများဖြစ်သည့် 'မှောင်မိုက်'၊ 'ကိုက်ခဲ'၊ 'ကိုက်ညှပ်'၊ 'ဝမ်းဗိုက်'၊ 'အောင့်အည်း'၊ 'နာကျင်'၊ 'ပူနွေး'၊ 'ပင်ပန်း'၊ 'ဆာလောင်မွတ်သိပ်'၊ 'မွန်းကျပ်'၊ 'အလျင်အမြန်'၊ 'သွားလား'၊ 'ကြွားဝါ' စသည်တို့ကို ရခိုင်က တစ်လုံးစီခွဲထုတ်ယူ၍ ဗမာကလည်း တစ်လုံးစီ ခွဲထုတ်သုံးနှုန်းပါသည်။

အလားတူ အခြားစကားလုံးတွဲများလည်း အများအပြားရှိမည်ဖြစ်ရာ သုတေသနပြု မှတ်တမ်းတင်ထားမည်ဆိုပါက ပြည်ထောင်စုဖွားတိုင်းရင်းသား ညီအစ်ကို မောင်နှမများသည် တစ်ဦးကိုတစ်ဦး အပြန်အလှန် နားလည်ကြပြီး ပြည်ထောင်စုကြီး အဓွန့်ရှည်ရေးခရီးကို ချစ်ခင်ရင်းနှီး လက်ရည်တစ်ပြင်တည်းဖြင့် ခရီးနှင်နိုင်ကြမည် ဖြစ်ပေသတည်း။ ။

ရွှေခိုင်သိန်း(ဘဏ်)

---

# (၉၁) နှစ်မြောက် အမျိုးသားနေ့ ဦးတည်ချက်များ

★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

★ အမျိုးသားပညာရည်မြင့်မားရေး၊

★ နိုင်ငံတော်၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

★ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်သစ် တည်ဆောက်ရေး။

---

○အရည်အသွေးကောင်းသောမှ

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒက္ခိဏသီရိမြို့နယ် အောင်သုခကျေးရွာရှိ တောင်သူပညာပေး မိုးစပါးစိုက်ခင်းသို့ရောက်ရှိရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးက အထွက်နှုန်းကောင်း၊ စားသုံးမှုအရည်အသွေးကောင်းသော ပုလဲသွယ်စပါးမျိုးများကို သိပ္ပံနည်းကျ စိုက်နည်းစနစ်ဖြင့် စိုက်ပျိုးပါက တစ်ဧက တင်း ၂၀၀ အထက် ထွက်ရှိနိုင်မှုနှင့် ဝင်ငွေတိုးတက်စေမည့် အခြေအနေများကို ရှင်းလင်းတင်ပြကာ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အရည်အသွေးကောင်း ပုလဲသွယ်စပါးမျိုးများ နွေစပါး ရာသီအချိန်မီ ဆည်ရေအလုံအလောက် လွယ်လင့်တကူရရှိရေးနှင့် အောင်မြင်စွာစိုက်ပျိုးထုတ်လုပ်နိုင်ရေး ကူညီပံ့ပိုးပေးမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက အရည်အသွေးကောင်းသော စပါးမျိုးများ ပြောင်းလဲစိုက်ပျိုးမှုသာ ဆန်ကောင်းရရှိနိုင်ပြီး စီးပွားရေးတွက်ခြေကိုက်မည်ဖြစ်ကြောင်း၊ ဆန်ကောင်းရရှိရေးအတွက် အဆင့်မြင့်ဆန်စက်များ တည်ထောင်ကြိတ်ခွဲခြင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လာရောက်လေ့လာကြသည့် တောင်သူလယ်သမားများ နှစ်သက်သဘောကျသည့် အရည်အသွေးကောင်း ပုလဲသွယ်ဆန်မှမျိုးများကို တောင်သူများ စိုက်ပျိုးနိုင်ရန် မျိုးစေ့ထုတ်ခြင်းလုပ်ငန်းကို ပြည်တွင်းမှာပင် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းပညာရှင်များနှင့် ဗီယက်နမ်နှင့် တရုတ်နိုင်ငံတို့မှ ပညာရှင်များဖြင့် အောင်မြင်စွာ ကျယ်ကျယ်ပြန့်ပြန့် ထုတ်လုပ်ဖြန့်ဖြူးပေးနေပြီဖြစ်ကြောင်း၊ တောင်သူလယ်သမားများ မျိုးကောင်းမျိုးသန့်မျိုးစေ့များအချိန်မီအလုံအလောက် လက်ဝယ်ရောက်ရှိစိုက်ပျိုးနိုင်ရေးအတွက် ကူညီစီစဉ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်သုခကျေးရွာ တောင်သူပညာပေး ပုလဲသွယ် မိုးစပါး စိုက်ခင်း ၁၀ ဧကအား သက်တမ်း ၁၀၄ ရက်တွင် ခေတ်မီရိတ်သိမ်းခြွေလှေ့စက်ကြီးဖြင့် ရိတ်သိမ်းခြွေလှေ့နေမှုကို ကြည့်ရှုအားပေးသည်။

အဆိုပါ တစ်ဆက်တစ်စပ်တည်း မိုးစပါး ၁၀ ဧကစိုက်ခင်းမှ ပုလဲသွယ်စပါး ပျမ်းမျှတစ်ဧက ၁၄၁ တင်း ထွက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

---

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး စစ်ကိုင်းပညာရေးတက္ကသိုလ်၌ ဆရာ၊ ဆရာမများနှင့်တွေ့ဆုံ အင်္ဂလိပ်စာနှင့် သင်္ချာဘာသာ ကျွမ်းကျင်သူများဖြစ်အောင် မွေးထုတ်ပေးသွားရန် ဆွေးနွေးမှာကြား

**နေပြည်တော် နိုဝင်ဘာ ၁၃**

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးသည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မန္တလေးတက္ကသိုလ် ဘောလုံးကွင်း၌ အဆင့်မြင့်ပညာဦးစီးဌာန (အထက်မြန်မာပြည်) တက္ကသိုလ်လက်ရွေးစင်ဘောလုံးအသင်း လေ့ကျင့်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် စစ်ကိုင်းပညာရေးတက္ကသိုလ်၌ တာဝန်ခံပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ပါမောက္ခ(ဌာနမှူး)များ၊ ဆရာ၊ ဆရာမများအား တွေ့ဆုံ၍ စစ်ကိုင်းပညာရေးတက္ကသိုလ်အနေဖြင့် ပညာရည်ထူးချွန်ထက်မြက်ပြီး စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ် အစဉ်ရှင်သန်ထက်မြက်သော ဆရာ၊ ဆရာမများအား မွေးထုတ်ပေးရန်၊ အလွတ်ကျက်မှတ်ဖြေဆိုသည့်စနစ်ကို ရှောင်ရှားပြီး တွေးခေါ်မြော်မြင်တတ်စေရေး သင်ကြားသည့်စနစ် (Conceptual Teaching) နှင့် ကျောင်းသားကို ဗဟိုပြု သင်ကြားသည့်စနစ် (Student Centre Approch) ကို အသုံးပြု၍ သင်ကြားပေးရန်၊ အထူးသဖြင့် အင်္ဂလိပ်စာနှင့် သင်္ချာဘာသာ ကျွမ်းကျင်သူများဖြစ်အောင် မွေးထုတ်ပေးသွားရန် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

---

## Mission Impossible 4 ဇာတ်ကား တောင်ကိုရီးယားတွင် အရောင်းမြှင့်တင်ရေးပြုလုပ်ဦးမည့် တွမ်ခရုစ်

**ဟောလိဝုဒ်ထိပ်တန်းစာရင်းဝင်မင်းသား တွမ်ခရုစ်သည် ဒီဇင်ဘာလ အစောပိုင်းတွင် လေးကားမြောက် Mission Impossible ဇာတ်ကား အရောင်းမြှင့်တင်ရေးပြုလုပ်ရန် တောင်ကိုရီးယားနိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဖော်ပြသည်။**



ယင်းဇာတ်ကား ကိုရီးယားနိုင်ငံတွင် အရောင်းမြှင့်တင်ရေးတာဝန်ခံတစ်ဦးက သတင်းစာရှင်းလင်းပွဲတွင် တွမ်ခရုစ်နှင့်အတူ Mission Impossible - Ghost Protocol(**ယာပုံ**)ဇာတ်ကားတွင် တွဲဖက်သရုပ်ဆောင်ခဲ့သူ မင်းသမီးပေါလာပတ်တွန်၊ ဒါရိုက်တာ ဘရက်ဒ်ဘက်ဒ်တို့သည် ဒီဇင်ဘာ ၂ ရက်တွင် တောင်ကိုရီးယားနိုင်ငံသို့ ရောက်ရှိမည်ဟု ဆိုသည်။

ယခုခရီးစဉ်သည် ၎င်းတို့သုံးဦးအတွက် ယင်းဇာတ်ကား ကမ္ဘာတစ်ဝန်း အရောင်းမြှင့်တင်ရေးခရီးစဉ် တစ်စိတ်တစ်ပိုင်းဖြစ်ပြီး တွမ်ခရုစ်က ၂၀၀၉ ခုနှစ်တွင် Valkyrie ဇာတ်ကား အရောင်းမြှင့်တင်ရေးပြုလုပ်စဉ်ကလည်း ရောက်ခဲ့ပြီး ယခုအကြိမ်မှာ ငါးကြိမ်မြောက်ခရီးစဉ် ဖြစ်ကြောင်း ဖော်ပြထားသည်။

Hitch၊ Deja Vu နှင့် Precious ဇာတ်ကားများတွင် ပါဝင်သရုပ်ဆောင်ခဲ့သည့် မင်းသမီးပေါလာပတ်တွန်နှင့် The Incredibles နှင့် Ratatouille ဇာတ်ကားများ ရိုက်ကူးခဲ့သူ အကယ်ဒမီဆုရှင် ဒါရိုက်တာ ဘရက်ဒ်ဘက်ဒ်တို့အတွက် ယခု ကိုရီးယားခရီးစဉ်မှာ ပထမဆုံးအကြိမ်ဖြစ်သည်။

Mission Impossible 4 ဇာတ်ကားကို ကိုရီးယားနိုင်ငံ၌ ဒီဇင်ဘာ ၁၅ ရက်တွင် ဖြန့်ချိပြသသွားမည် ဖြစ်သည်။

***အင်တာနက်။***

## အနုပညာသက်တမ်းလေးနှစ်ရှိသော်လည်း ခရီးအစဟုသာ ထင်မြင်နေသူ ရန်ဘာကပူး

ဘောလိဝုဒ်မင်းသား ရန်ဘာကပူးက Rockstar ဇာတ်ကားဖြန့်ချိပြသခြင်းသည် ၎င်း၏ ဘောလိဝုဒ်ရုပ်ရှင်ခရီးအစသာဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။ The Wake Up Sid ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခဲ့သူ ရန်ဘာကပူးသည် လွန်ခဲ့သည့်လေးနှစ်က ဒါရိုက်တာ ဆန်ဂျေး လီလာ ဘန်နဆလီ၏ Saawariya ဇာတ်ကားဖြင့် ဘောလိဝုဒ်ရုပ်ရှင်လောကသို့ ရောက်ရှိလာသူဖြစ်သည်။

ရန်ဘာကပူးက "ကျွန်တော်ရဲ့ ရုပ်ရှင်အနုပညာသက်တမ်းက လေးနှစ်ပြည့်ခဲ့ပါပြီ။ ကျွန်တော့်ရဲ့ပထမဆုံး ဇာတ်ကား Saawariya ကို ၂၀၀၇ ခုနှစ် နိုဝင်ဘာ ၉ ရက်က စတင်ဖြန့်ချိပြသခဲ့ပါတယ်။ ဒါပေမယ့် ကျွန်တော့်ရဲ့ အနုပညာ ခရီးအစပဲ ရှိသေးတယ်လို့ ခံစားရပါတယ်။ ဒီလေးနှစ်တာကာလအတွင်းမှာ ဒါရိုက်တာကောင်းတွေနဲ့လည်း အလုပ်လုပ်ခဲ့ရပါတယ်။ နောက်ထပ်လည်း ဇာတ်ကားအများကြီးရိုက်ရဖို့ မျှော်လင့်ပါတယ်" ဟု ပြောကြားသည်။

အသက် (၂၉)နှစ်ရှိ ရန်ဘာကပူးက ဆက်လက်၍ "လွန်ခဲ့တဲ့လေးနှစ်တာကာလအတွင်း ကျွန်တော်ရရှိခဲ့တဲ့အရေးကြီးဆုံး သင်ခန်းစာတစ်ခုကတော့ ကိုယ်လုပ်တဲ့အလုပ်အပေါ်မှာ အပြည့်အဝအာရုံစူးစိုက်ဖို့က အဓိကကျတယ်ဆိုတာပါပဲ" ဟု ဆိုသည်။



**ဘောလိဝုဒ်မင်းသား ရန်ဘာကပူး။**

ရန်ဘာကပူးသည် ယခုသီတင်းပတ်အတွင်း အင်္ဂလန်နိုင်ငံ လန်ဒန်မြို့တော်တွင် Rockstar ဇာတ်ကား သတင်းစာရှင်းလင်းပွဲပြုလုပ်ရန် ရောက်ရှိနေခဲ့သည်။

အင်တာနက်။

**အောဝမ်းစိုး**

---

## ကျွန်းလှမြို့နယ်သူ/သားများ စုပေါင်းမဟာဘုံကထိန်ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၁၃**

မန္တလေးမြို့ရောက် ကျွန်းလှမြို့နယ်သူ၊ မြို့နယ်သားများ၏ စတုတ္ထအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကို နိုဝင်ဘာ ၂၀ ရက် (၁၃၇၃ ခုနှစ် တန်ဆောင်မုန်း လပြည့်ကျော် ၁၀ ရက်) တနင်္ဂနွေနေ့ နံနက် ၈ နာရီမှ ၁၂ နာရီအတွင်း မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် တမာတန်း၊ တံခွန်တိုင်ရပ်ကွက်ရှိ မူလသစ်ဆိမ့်တိုက် အောင်သုခကျောင်း ရဟန်းနှစ်ပါးနှင့် ပုရိပဝါမှထမြောက်တော်မူကြသည့် ရဟန်းတော်စုစုပေါင်း ၂၃ ပါးတို့အား ကထိန်အာနိသင်ယူထားပြီး ကထိန်သင်္ကန်း၊ဆွမ်းနှင့် ဒါနဝတ္ထုလှူဖွယ်အစုစုတို့ကို ဆက်ကပ်လှူဒါန်း၍ ကထိန်အလှူတော် ကျင်းပကြမည်ဖြစ်ကြောင်း သိရသည်။ (၅၇၄)

---

## အထက(၃) မင်္ဂလာဒုံ မြတ်ဆရာပူဇော်မည်

**ရန်ကုန် နိုဝင်ဘာ ၁၃**

ထောက်ကြန့်စံပြကျေးရွာ အစိုးရ (အလက)၊ (အလက-၂) အထက-၃ (ထောက်ကြန့်) မြတ်ဆရာပူဇော်ကန်တော့ပွဲကို နိုဝင်ဘာ ၂၀ ရက် (အမျိုးသားနေ့)တွင် နံနက် ၈ နာရီမှ မွန်းတည့် ၁၂ နာရီထိ အထက(၃) ခန်းမ၌ ကျင်းပမည်ဖြစ်ရာ အပူဇော်ခံ ဆရာကြီး၊ ဆရာမကြီးများနှင့် ကျောင်းသား၊ ကျောင်းသူဟောင်းများ ကြွရောက်ကြပါရန်နှင့် ဦးတင်အုန်းမြင့် ဖုန်း-၆၀၀၅၅၀၊ ဦးမြထွေး ဖုန်း-၆၀၀၀၂၃၊ ဦးစံသိန်း ဖုန်း-၆၀၀၂၄၀၊ ဦးကျော်သူ ဖုန်း-၆၀၀၁၇၀နှင့် ဦးအေးကို ဖုန်း-၆၀၀၀၉၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

# အင်းတော်မြို့နယ် မန်လည်ရွာ ကထိန်ပွဲ ရဟန်းရှင်လူပြည်သူများဖြင့် နှစ်စဉ်ထက် အထူးစည်ကား၊ ပထမမန်လည်ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို ဖူးမြော်ကြည်ညို

**အင်းတော် နိုဝင်ဘာ ၁၃**

ပထမမန်လည်ဆရာတော်ကြီး သီတင်းသုံးတော်မူခဲ့ရာ စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် မန်လည်တောင်ရွာ (ကျောင်းကြီး) ကထိန်အလှူတော်ပွဲကို နိုဝင်ဘာ ၁၀ ရက် (တန်ဆောင်မုန်းလပြည့်နေ့) က အဆိုပါကျောင်း၌ ကျင်းပရာ ရဟန်းရှင်လူ ပြည်သူများဖြင့် နှစ်စဉ်ထက် အထူးစည်ကားခဲ့ကြောင်း သိရသည်။

ကထိန်ပွဲတော်လာ ရဟန်းရှင်လူ ပြည်သူများသည် ပထမမန်လည်ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော မပုပ်မသိုးရုပ်ကလာပ်တော် အပူဇော်ခံထားရှိရာ အုတ်ပြာသာဒ် စံကျောင်းတော်၌လည်းကောင်း၊ ၁၂၅၄ ခုနှစ် နတ်တော်လဆန်း ၁၅ ရက်တွင် မန်လည်ဆရာတော်ကြီး တည်ထားကိုးကွယ်ခဲ့သော တာဝတိံသာ မဟာအဘယစူဠာမုနိစေတီတော်ရင်ပြင်၌လည်းကောင်း၊ သီဟိုဠ်ကျွန်း (သီရိလင်္ကာ)မှ ညောင်ရမ်းမင်းသားကြီး လှူဒါန်းခဲ့သော ၁၂၅၂ ခုနှစ် ဝါဆိုလပြည့် (တနင်္လာနေ့)တွင် ဆရာတော်ကြီးစိုက်ပျိုးခဲ့သည့် မဟာဗောဓိပင်နေရာ၌လည်းကောင်း၊ ဆရာတော်ကြီး၏ အသုံးအဆောင်ပစ္စည်းများပြသထားရာ ကျောင်းကြီးပေါ်၌လည်းကောင်း နှစ်စဉ်ထက် အထူးစည်ကားခဲ့သည်ကို တွေ့ရသည်။

မြန်မာစာပေသမိုင်းတွင် နေအသွင်၊ လအလားပမာ တင်စား၍ရလောက်သော မကာရလောပ အကျော် ကျေးဇူးတော်ရှင် ပထမမန်လည်ဆရာတော်ကြီး ဘဒ္ဒန္တဇဝန ဘဝနတ်ထံ ပျံလွန်တော်မူခဲ့သည်မှာ အခု ၁၃၇၃ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက်တွင် (၉၁) နှစ်ကျော် ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

သို့သော်လည်း ဆရာတော်ကြီး၏ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်သည် မပုပ်မသိုးဘဲ ယနေ့အချိန်ထိတိုင် တည်ရှိလျက် စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မန်လည်တောင်ရွာ ဘုန်းတော်ကြီးကျောင်းဝင်း အုတ်ပြာသာဒ် စံကျောင်းတော်ရှိ ပလ္လင်ပေါ်တွင် လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြပါသည်။ ဆရာတော်ကြီး၏ သီလ၊ သမာဓိ၊ ပညာဂုဏ်ရောင်သည်လည်း ထွန်းလင်းတောက်ပနေဆဲဖြစ်သည်။

မကာရလောပအကျော် ပထမမန်လည်ဆရာတော်ကြီးကို ၁၂၀၃ ခုနှစ် နှောင်းတခူးလဆန်း ၁၂ ရက် (အင်္ဂါနေ့) ညဥ့် သုံးချက်တီးကျော်အချိန်တွင် ဖွားမြင်တော်မူခဲ့ပြီး ၁၂၈၂ ခုနှစ် တော်သလင်းလဆန်း ၁၃ ရက် နံနက် ၁ နာရီ မိနစ် ၃၀ အချိန် (၂၄-၉-၁၉၂၀) သက်တော် (၇၉) နှစ် သိက္ခာတော် (၅၇) ဝါ အရတွင် မန်လည်ပြာသာဒ်ကျောင်းကြီး၌ပင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပါသည်။

မန်လည်ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်သည် ယနေ့အချိန်ထိတိုင် မပုပ်မသိုးဘဲ အထူးကြည်ညိုဖွယ်ရာ လာရောက်ဖူးတွေ့နိုင်ကြပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ (၂၃၃)



# မိတ္ထီလာကန်ပတ်လမ်းပျက်စီးမှု အသေးစားပြုပြင်ပြီးစီး

**မိတ္ထီလာ နိုဝင်ဘာ ၁၃**

မိတ္ထီလာမြို့တွင် အောက်တိုဘာလအတွင်းက ကန်ရေမြင့်တက်မှုကြောင့် ကန်ရေတိုက်စားပျက်စီးခဲ့သည့် ကန်ပတ်လမ်း ရေကျော်ရေလွှဲပိုင်းနေရာတချို့တွင် သက်ဆိုင်ရာမှ သဲအိတ်များကာခြင်း၊ မြေသား၊ ကျောက်သားများဖို့ခြင်းတို့ဖြင့် အသေးစားပြုပြင်ပေးပြီးဖြစ်သောကြောင့် မိတ္ထီလာ-ကျောက်ပန်းတောင်းယာဉ်လိုင်းမှ ခရီးသည်တင်ဟိုင်းလတ်မော်တော်ယာဉ်များ၊ မြင်းလှည်း၊ ဆိုင်ကယ်နှင့် ဒေသခံခရီးသွားများမှာ ကန်ပတ်လမ်းတွင် ပြန်လည်ဖြတ်သန်းသွားလာနေပြီဖြစ်သည်။**(အပေါ်ပုံ)** (၅၇၉)

# မော်တော်ယာဉ်ဝယ်ယူမည့်သူများ စိတ်ကြိုက်တွေ့စေမည့် TA TA မော်တော်ယာဉ်များ

**ရန်ကုန် နိုဝင်ဘာ ၁၃**

မှတ်ပုံတင်သက်တမ်းကြာမြင့်သည့် ယာဉ်များအား ယာဉ်ပိုင်ရှင်များ၏ ဆန္ဒအရ ဖျက်သိမ်းပြီး အစားထိုးယာဉ် တင်သွင်းခြင်းလုပ်ငန်းများကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက စက်တင်ဘာ ၁၉ ရက်မှ စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ယခုအခါ တင်သွင်းလာသည့် ယာဉ်များ စတင်ရောက်ရှိနေပြီး အစားထိုးတင်သွင်းယာဉ်များကို ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနက မှတ်ပုံတင် စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်က ယာဉ်အို၊ ယာဉ်ဟောင်းများ အပ်နှံခွင့်ပြုခဲ့ပြီးနောက် လက်လှမ်းမီသူများအနေဖြင့် မော်တော်ယာဉ် ပိုင်ဆိုင်ခွင့်ရရှိရေး စိတ်ဝင်စားမှုများ ပိုမိုလာသည်ကို တွေ့ရသည်။ ကုမ္ပဏီအသီးသီးကလည်း မော်တော်ယာဉ် ဝယ်ယူခွင့်ရရှိရေးအတွက် ဝန်ဆောင်မှုပေးနိုင်သည်များကို အပြိုင်အဆိုင် အသိပေးကြော်ငြာလာကြသည်။

ဩဂုတ်လကုန်ပိုင်းအတွင်း တပ်မတော်ခန်းမ၌ အိန္ဒိယကုန်စည်ပြပွဲ ပြသခဲ့ရာ သွားရောက်လေ့လာခွင့် ရခဲ့သည်။ ယင်းပြပွဲတွင် အိန္ဒိယနိုင်ငံမှ မော်တော်ယာဉ်ထုတ်လုပ်သည့် အကြီးဆုံးကုမ္ပဏီဖြစ်သော TA TA Motors Limited ကလည်း ပါဝင်ပြသခဲ့သည်ကို တွေ့ရသည်။

TA TA မော်တော်ယာဉ်များအနက် ငွေကျပ်သိန်း ၉၀ သတ်မှတ်ထားသည့် TA TA Magic (Micro Passenger) မော်တော်ယာဉ်နှင့် ငွေကျပ် ၈၅ သိန်း သတ်မှတ်ထားသည့် TA TA Ace (Mini Truck) တို့မှာ အများစိတ်ဝင်စားသည့် မော်တော်ယာဉ်နှစ်စီးဖြစ်သည်ကို တွေ့ရသည်။ ယာဉ်နှစ်စီး၏ ရှေ့မှန်များ၌ (Custom duty + Commercial Tex ပါပြီး ကညန လိုင်စင်ခွန်မပါ)ဆိုသည့် စာသားကိုလည်း လူအများဖတ်ရှုလေ့လာနေသည်ကို တွေ့ရသည်။ TA TA Ace မှာ (၁)တန် ကုန်တင်ယာဉ်ငယ်ဖြစ်သည်။ TA TA Magic မှာ ခရီးသည်လေးဦးမှ ခုနစ်ဦးအထိ သက်သောင့်သက်သာ တင်ဆောင်နိုင်သော အကျယ်အဝန်းရှိသည့် Mini Truck ဖြစ်သည်။

မော်တော်ယာဉ်များကို အထူးစိတ်ဝင်စား လေ့လာကြည့်ရှုကြသဖြင့် ကျေးဇူးတင်ရှိပါကြောင်း၊ ပြပွဲပြီးနောက် TA TA မော်တော်ယာဉ်များကို စိတ်ဝင်စားသူများအနေဖြင့် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် ကန်တော်ကလေးလမ်းနှင့် ဗိုလ်မင်းခေါင်လမ်းထောင့်ရှိ ကုမ္ပဏီနေရာ၌ TA TA မော်တော်ယာဉ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်ပါကြောင်း တာဝန်ရှိသူတစ်ဦးက ရှင်းပြသည်ကို မော်တော်ယာဉ် ဝယ်ယူမည့်သူများအတွက် အသိပေးရေးသားလိုက်ရပါသည်။

(ဝင်းဝင်းမော်-သတင်းစဉ်)

**မောင်းလျှင် မငိုက်နှင့် ငိုက်လျှင် မမောင်းနှင့်**



# မီးဖိုသုံးလျှင်

(က) သုံးစွဲပြီးပါက မီးကြွင်း မီးကျန် မရှိပါစေနှင့်။

(ခ) မီးဖိုအနီးမှာ လူစောင့်အမြဲထားပါ။

(ဂ) မီးဖိုအနီး လောင်စာဆီ မထားပါနှင့်။

(ဃ) အိုမင်းမစွမ်းသူများနှင့် ကလေးသူငယ်များကို မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းပါနှင့်။

(င) သုံးစွဲပြီးလျှင် မီးကြွင်း မီးကျန် မရှိအောင် စနစ်တကျစစ်ဆေးပါ။

(စ) အ ခါ အား လျော် စွာ သတ်မှတ်ထားသည့် မီး သုံး စွဲ ချိန် များ ကို လိုက်နာပါ။

(ဆ) မီး ဖို နံ ဘေး တွင် လုံလောက်သော အကာအရံထားရှိပြီး သဲပုံး၊ ရေပုံးများ ထားပါ။

**မီးသတ်ဦးစီးဌာန**

# မိတ္ထီလာ၌ ငရုတ်သီးဈေးကျ

**မိတ္ထီလာ နိုဝင်ဘာ ၁၃**

မိတ္ထီလာတွင် အောက်တိုဘာလ နှောင်းပိုင်းက တစ်ပိဿာ ကျပ် ခုနစ်ထောင်၊ ကျပ်ခြောက်ထောင်ထိ ဈေးကောင်းရခဲ့သော ငရုတ်သီးဈေးမှာ ယနေ့တွင် တစ်ပိဿာ ကျပ် နှစ်ထောင့်လေးရာ၊ ကျပ်နှစ်ထောင့်သုံးရာထိ ဈေးပြန်ကျသွားသော်လည်း ငရုတ်လှော်ထားသည့် တောင်သူများမှာ ရသည့်ဈေးနှုန်းဖြင့် ဆက်လက်ရောင်းချလျက်ရှိကြောင်း သိရသည်။**(အောက်ပုံ)**

"အစောပိုင်းက ငရုတ်ဈေးတက်တာ ခုနစ်ထောင်၊ ခြောက်ထောင်ထိ ရောက်သွားတယ်။ အခုဈေးပြန်ကျသွားတယ်။ အကောင်းဆုံးငရုတ်မှ ကျပ်နှစ်ထောင့်လေးရာလောက်ပဲ ရတော့တယ်။ နည်းနည်းညံ့ရင် နှစ်ထောင့်သုံးရာ၊ ကျပ်နှစ်ထောင့်နှစ်ရာပဲရတယ်။ ဒါပေမယ့် ငရုတ်ဈေးက ဒီထက်ကျသွားရင် ကျဈေးနဲ့ရောင်းရမှာဆိုတော့ ရတဲ့ဈေးနှုန်းနဲ့ပဲ ရောင်းပစ်ကြတာ၊ ငရုတ်က အကြာကြီး လှော်ထားလို့မကောင်းတဲ့ သီးနှံဆိုတော့ လက်ထဲမှာ အချိန်ကြာကြာ လှော်ထားလို့ မကိုက်ပါဘူး"" ဟု မိတ္ထီလာမြို့ပေါ်မှ ငရုတ်ဈေးကွက်သို့ ငရုတ်သီးလာရောင်းသူ ဆူးဖြူကွက်ကျေးရွာမှ တောင်သူတစ်ဦးက ဆိုသည်။

မိတ္ထီလာတွင် ညောင်ကိုင်း၊ တောမ၊ ကန်တောင်၊ ပန်းထိမ်ကုန်း၊ ခင်လူး၊ မောက်လောက်၊ ညောင်မြင့်၊ ဆူးဖြူကွက်၊ ကံကောင်း၊ လိန်တော၊ ရေဝေ၊ ရေချိုကျေးရွာများတွင် ငရုတ်ကို မိသားစုဝင်ငွေရသီးနှံအဖြစ် တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြကြောင်း သိရသည်။ (ချမ်းသာ)



# (၁၀၃) ဒိုင်နာကားပေါ်၌ ခါးပိုက်နှိုက်မှုဖြစ်ပွား

**ရန်ကုန် နိုဝင်ဘာ ၁၃**

နိုဝင်ဘာ ၁၁ ရက် မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် လှိုင်သာယာမြို့နယ် (၁၀) ရပ်ကွက် ပခုက္ကူလမ်းနေ မစိုးစိုးဦး(၄၆) နှစ်သည် ရှစ်မိုင်လမ်းဆုံမှ (၁၀၃) ဒိုင်နာကားစီး၍ မြောက်ဥက္ကလာပမြို့နယ် မြန်မာ့စီးပွားရေးဘဏ်သို့ သွားရာ ဘုန်းကြီးလမ်း ကားမှတ်တိုင်အရောက် ပေါင်ပေါ်၌ တင်ထားသော ဘေးလွယ်အိတ် ဇစ်ပွင့်နေသဖြင့် အိတ်အတွင်း စစ်ဆေးရာ ၁၀၀၀ တန် အသေး ၇၃ ရွက် ကျပ် ၇၃၀၀၀ မရှိတော့၍ ကားပေါ်၌ အော်ဟစ်အကူအညီ တောင်းခံခဲ့သည်။

ယင်းသို့ အကူညီတောင်းခံစဉ် ကားပေါ်မှ အမျိုးသားသုံးဦး အပြေးဆင်းသွားရာ ဘုန်းကြီးလမ်းထိပ်၌ အမျိုးသားတစ်ဦးအား လှည့်ကင်းတာဝန်ကျ ရဲတပ်ကြပ်ကျော်ဦးနိုင်နှင့် အဖွဲ့က ဖမ်းဆီးစစ်ဆေးခဲ့သည်။ ဖမ်းမိသူမှာ ရွှေပြည်သာမြို့နယ်နေ ဖိုးဇော်(ခ) ညီညီဇော်(၂၄)နှစ်ဖြစ်ကာ ကျန်နှစ်ဦးမှာ ကျော်စိုး(စုံစမ်းဆဲ)နှင့် အာကာ(စုံစမ်းဆဲ) တို့ဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့ သုံးဦးအပေါ် အရေးယူပေးရန် မစိုးစိုးဦးက တိုင်ကြား၍ မြောက်ဥက္ကလာပရဲစခန်းက (ပ) ၈၉၅/၁၁ ပြစ်မှုပုဒ်မ ၃၇၉(နိုက်)ဖြင့် အမှုဖွင့်ပြီး ဖမ်းဆီးရမိရေး စုံစမ်းဆောင်ရွက်လျက်ရှိသည်။

(၃၁)

# အဆင့်မြင့်ခရီးသည်တင်ယာဉ် တိမ်းမှောက် ခရီးသွား ၁၀ ဦး သေဆုံးမှုဖြစ်ပွား

**မန္တလေး နိုဝင်ဘာ ၁၃**

ရန်ကုန်မှ ထွက်ခွာလာသော နယူးမန္တလာထွန်း အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးမှ ခရီးသည်တင်ယာဉ် အမှတ် (၆ဂ/----) သည် ယနေ့နံနက် ၅ နာရီခန့်က ကျောက်ဆည်မြို့နယ် တံတားဦးမြို့ ချောင်းခွရွာရဲစခန်းအပိုင် မိုင်တိုင်အမှတ် (၃၃၅/၁)နှင့် (၃၃၅/၂) အကြားတွင် တိမ်းမှောက်ခဲ့သည်။ **(အပေါ်ပုံ)** ယာဉ်တိမ်းမှောက်ခြင်းကြောင့် ခရီးသည် အမျိုးသား ခုနစ်ဦး၊ အမျိုးသမီး နှစ်ဦး၊ ကလေးငယ်တစ်ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိသူများကို တံတားဦးပြည်သူ့ဆေးရုံနှင့် မန္တလေးပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။

ယနေ့ညနေပိုင်းအထိ မန္တလေးပြည်သူ့ဆေးရုံတွင် အမျိုးသား ၁၇ ဦး၊ အမျိုးသမီး ၁၀ ဦး ရောက်ရှိလာပြီး ကလေးသုံးဦး ပါဝင်ကာ ဒဏ်ရာပြင်းထန်မှုမရှိဟု ဆေးရုံကြီး အရေးပေါ်ဌာနမှ သိရသည်။ ယာဉ်မောင်း ကိုမြတ်သူမှာ ခြေထောက်ကျိုးသွားသည်။ ကားတိမ်းမှောက်မှုနှင့် ပတ်သက်၍ ချောင်းခွရဲစခန်းက ပ-၄၆/၂၀၁၁ ပုဒ်မ ၃၃၇၊ ၃၃၈၊ ၃၀၄(က) အရ အရေးယူထားသည်။

အဆိုပါ ဖြစ်စဉ်နှင့်ပတ်သက်ပြီး အခင်းဖြစ်လျှင်ဖြစ်ချင်း သွားရောက်ကူညီမှုပေးခဲ့သော မန္တလေး၊ ချမ်းမြသာစည် ပရဟိတလူမှုကူညီရေးအသင်းက "မနက် ၅ နာရီမတိုင်မီက ကားတိမ်းမှောက်တာဖြစ်ပါတယ်။ ကားက လမ်းလယ်ကျွန်းကို ဝင်တိုက်ပြီး အရှေ့ဘက်ကိုအဆွဲ အရှိန်လွန်ပြီး ၁၀ ပေကျော်ကျော်လောက်ရှိတဲ့ လမ်းဘေးချောက်ထဲသို့ ထိုးကျသွားတယ်လို့သိရတယ်။ ကားမောင်းတဲ့သူ အိပ်ငိုက်ပြီး သတိလက်လွတ်ဖြစ်ကာ အခုလိုဖြစ်ရပ်မျိုး ဖြစ်သွားရတာ"ဟု ပြောသည်။

(ဝ၀၂)

# မျှော်စင်ကျွန်းရှိ MHA ရှိုးပွဲရုံဝင်လက်မှတ်အတုရောင်းသူ ဖမ်းမိ

**ရန်ကုန် နိုဝင်ဘာ ၁၃**

မင်္ဂလာတောင်ညွန့်မြို့နယ် သပြေကုန်းရပ်ကွက် မျှော်စင်ကျွန်းရှိ MHA ရှိုးပွဲတွင် ရုံဝင်လက်မှတ်အတုများ ရောင်းချနေကြောင်း သတင်းအရ ကုမ္ပဏီမန်နေဂျာ ကိုအောင်ကျော်မင်း၊ လုံခြုံရေးတာဝန်ကျ ဒုရဲအုပ်သန်းထွန်းအောင်အဖွဲ့နှင့် ရုံးဝန်ထမ်းများသည် နိုဝင်ဘာ ၁၀ ရက်ည ၉ နာရီခွဲခန့်တွင် ကန်တော်ကြီးဂိတ် (၁) ရှေ့၌ ရုံဝင် ၅၀၀၀ တန်လက်မှတ်တုများ ရောင်းချနေသူနှစ်ဦးကို ဖမ်းဆီးရမိသည်။

မျိုးမင်းဇော်(၄၃)နှစ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေသူထံမှ ကျပ် ၅၀၀၀ တန် လက်မှတ်တု ရှစ်စောင်နှင့် ငွေစက္ကူရောရာ ကျပ် ၂၃၂၀၀ ကိုလည်းကောင်း၊ မြောက်ဥက္ကလာပမြို့နယ်နေသူ သန်းနိုင်(၄၉)နှစ်ထံမှ ကျပ် ၅၀၀၀ တန် လက်မှတ်တု လေးစောင် ငွေစက္ကူရောရာ ကျပ် ၁၆၀၀၀ တို့ကို တွေ့ရှိ၍ ရှာဖွေပုံစံပြုလုပ်သိမ်းဆည်းပြီး မင်္ဂလာတောင်ညွန့်ရဲစခန်းက (ပ) ၆၃၄/၁၁ ပြစ်မှုပုဒ်မ ၄၂၀/၄၆၈ ဖြင့် အမှုဖွင့်ပြီး ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။ (၃၁)

## ☆ ရှေ့ဖုံးမှ

ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းက နိုဝင်ဘာ ၁၂ ရက် မွန်းလွဲပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ပုလဲမြို့နယ် ပုလဲရတနာခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ ဆွေးနွေးပြောကြားသည်။

### ဝိုင်းဝန်းဆွေးနွေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ဤကျေးလက်အသေးစားငွေကြေးလုပ်ငန်းအား ကျေးလက်ပြည်သူများ ငွေကြေးအရင်းအနှီးအဆင်ပြေစေရေး၊ ကျေးလက်အသေးစားငွေကြေးလုပ်ငန်း အစဉ်ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရေး၊ ငွေကြေးအမြတ်အစွန်းကို အဓိကထားသည့်လုပ်ငန်းမဖြစ်စေရေးဟူသည့် ရည်ရွယ်ချက်(၃)ရပ်ဖြင့် မတည်ထူထောင်ခြင်း ဖြစ်ပါကြောင်း၊ အသေးစားငွေကြေး လုပ်ငန်း၏ အသင်းအဖွဲ့အမည်ကို သတ်မှတ်ပြီးပါက နိုင်ငံတော်မှ ချမှတ်ထားသည့် ငွေကြေးစည်းမျဉ်းစည်းကမ်းများအပေါ် အခြေခံပြီး ဒေသအာဏာပိုင်များ၊ ကျေးလက်ပြည်သူများနှင့် ဝိုင်းဝန်းဆွေးနွေး၍ စည်းမျဉ်းစည်းကမ်းများ ရေးဆွဲသတ်မှတ် သွားမည်ဖြစ်ကြောင်း။

ဤအသေးစား ငွေကြေးလုပ်ငန်း ပိုမိုကျယ်ပြန့် ကြီးထွားလာစေရေးအတွက် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုများကိုလည်း ဖိတ်ခေါ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးသောင်းစိန်၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများ၊ ယင်းမာပင်၊ ဆားလင်းကြီး၊ ကနီမြို့နယ်တို့မှ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများ၊ ပုလဲမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအားလုံးမှ အုပ်ချုပ်ရေးမှူးများနှင့် ရွာမိရွာဖများ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပုလဲမြို့နယ်အုပ်ချုပ်ရေးမှူး၊ ယင်းမာပင်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဆားလင်းကြီးမြို့နယ်အုပ်ချုပ်ရေးမှူးတို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်ဒေသ အသေးစားကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အသေးစားပုဂ္ဂလိက ငွေစုငွေချေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးစသည့် ကဏ္ဍများနှင့် ပတ်သက်၍ မြို့နယ်အလိုက် အကောင်အထည်ဖော် ဆောင်ရွက်နေမှုများ၊ ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကိုလည်းကောင်း၊ ပုလဲမြို့နယ် သမဝါယမ ဦးစီးဌာန ဦးစီးမှူး ဦးဘကျော်က စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမအသင်းချုပ်၏ အစီအစဉ်ဖြင့် မြို့နယ်အတွင်း ချေးငွေများ ထုတ်ချေးပေးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြခဲ့ကြသည်။

### ရင်းရင်းနှီးနှီးနှုတ်ဆက်

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးသို့ တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်သည်။

(သတင်းစဉ်)



## မြနန်းစံကျော် ရွှေနန်းတော်

ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်း မန္တလေးမြို့ရှိ မြနန်းစံကျော် ရွှေနန်းတော်အား မွမ်းမံထိန်းသိမ်းထားရှိမှုများကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ် အဆောက်အအုံများအား အစဉ်စစ်ဆေးပြီး မပျက်စီးအောင်ထိန်းသိမ်း မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်တွင်းပြည်ပဧည့်သည်များ လာရောက်လေ့လာမှုတိုးတက်အောင်ကြိုးပမ်း

နေပြည်တော် နိုဝင်ဘာ ၁၃

**ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဆန်းသည် နိုဝင်ဘာ ၁၂ ရက် နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်နှင့် ရှေးဟောင်းအမွေအနှစ် အဆောက်အအုံများ မွမ်းမံထိန်းသိမ်းထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် မြနန်းစံကျော်ရွှေနန်းတော်ရှိ မြန်မာ့ကြေးသွန်းအမြောက်ကြီးနှင့် ဆုံလည်အမြောက်တို့ကို ရှင်းလင်းချက်များဖြင့် ပူးတွဲ၍ ခင်းကျင်းပြသထားရှိမှု၊ မြေနန်းပြာသာဒ်တော်ကြီး၊ လက်ဝဲမင်းခမ်းမင်းနားများ၊ လက်ယာမင်းခမ်းမင်းနားများ၊ ဇေတဝန်ဆောင်၊ တောင်ထားဝယ်ဆောင်၊ ရွှေတိုက်ဆောင်၊ မြနန်းစံကျော်ရွှေနန်းတော်၏ နန်းဆောင်များနှင့် ယဉ်ကျေးမှုပြတိုက်တို့အား လာရောက်လေ့လာသူများ ပိုမိုစိတ်ဝင်စားမှုရှိအောင် ရှေးဟောင်းအနုပညာလက်ရာမပျက် မွမ်းမံထိန်းသိမ်းခင်းကျင်းပြသထားမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် မင်္ဂလာတံခါးနှင့် လေးသိန်းတံခါးကြားရှိ နန်းမြို့ရိုးတစ်လျှောက် အချိန်ကာလကြာမြင့်မှုနှင့် ရာသီဥတုဒဏ်ကြောင့် ပျက်စီးမှုများအား ပြုပြင်ထားရှိမှု၊ အုတ်မြို့ရိုးများ ပျက်စီးမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ချုံနွယ်နှင့် ပေါင်းပင်များအား ရှင်းလင်း၍ ဓာတုအမြစ်သတ်ဆေးဖြင့် ပေါင်းသတ်ဆောင်ရွက်ထားရှိမှုများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သုဓမ္မာဇရပ် (၁၉)ဆောင်အား ရာသီဥတုဒဏ်နှင့် သဘာဝဘေးအန္တရာယ်များကြောင့် ရှေးဟောင်းလက်ရာများ မပျက်စီးအောင် ကြိုတင်ကာကွယ် ပြုပြင်ထိန်းသိမ်းထားမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက မြနန်းစံကျော်ရွှေနန်းတော်နှင့် ရှေးဟောင်းအမွေအနှစ်အဆောက်အအုံများအား အစဉ်စစ်ဆေးပြီး ရှေးဟောင်းလက်ရာမပျက်စီးအောင် ပြုပြင်ထိန်းသိမ်းရေး၊ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်များကို ပြည်တွင်းရှိ ပြည်သူများ၊ ပြည်ပခရီးသွားဧည့်သည်များက စိတ်ဝင်စားမှု၊ လာရောက်ကြည့်ရှုလေ့လာမှု ပိုမိုတိုးတက်လာအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ အလှူရှင်များ၏ လှူဒါန်းငွေများဖြင့် ပြုပြင်လျက်ရှိသော သုဓမ္မာဇရပ်များအား ရှေးဟောင်းလက်ရာမပျက် ပြုပြင်မွမ်းမံမှုများ အမြန်ဆုံးပြီးစီးအောင် ကြပ်မတ်ကြိုးပမ်းဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။

(သတင်းစဉ်)

## MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

### ၁၄-၁၁-၂၀၁၁ (တနင်္လာနေ့)

AM & PM

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ရတနသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ "ငါးစာနောက်က ငါးမျှားချိတ်ကို မြင်ပါ" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၆:၅၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၂၅)**
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း" (အပိုင်း-၂၀)**
- ၈:၄၀ ဆေးပေါင်းခတဲ့ Rock Concert (Part-3)
- ၉:၂၀ စာအုပ်ပြခန်း
- ၉:၄၅ မင်္ဂလာတရားနှင့်ပြည့်စုံစွာ ဆင်နှင်းကျေးရွာမှ စိန်ရတုဂုဏာပူဇာ
- ၉:၅၀ မင်းကျောင်းပရိယတ္တိစာသင်တိုက် (သာယာဝတီမြို့)
- ၁၀:၀၅ စဉ့်ကူး(အထက)၏ အာစရိယပူဇော်ပွဲ
- ၁၀:၂၀ Activities In The City
- ၁၀:၃၅ The Champion of Dance
- ၁၁:၁၅ Celebrity Choice
- ၁၁:၄၅ မြတ်နိဗ္ဗာန်သို့ရည်သန် တရားထူး အမှန်ရစေရန်
- ၁၂:၀၀ မြတ်နိုးဖွယ်ရာ မြန်မာကဗျာ
- ၁၂:၂၀ ပေါင်းစည်းဂါရဝ ယခင်အလက(၂) ယခု အထက(၃) သထုံအာစရိယ
- ၁၂:၃၅ စားချင်စဖွယ်နည်းအသွယ်သွယ်
- ၁:၀၀ "ငါးစာနောက်က ငါးမျှားချိတ်ကို မြင်ပါ" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ ရန်ကုန်မြင်ကွင်းကျယ်
- ၂:၄၅ နာဂလိုဏ်ဂူ၊ နန္ဒမူရိပ်သာ၊ သုကုမာရီ (၃)ထပ်သီလရှင်ကျောင်း ရေစက်ချအလှူတော်မင်္ဂလာ
- ၃:၀၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၂၅)**
- ၄:၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၂၀)**
- ၄:၃၅ ဆန်းသစ်တဲ့အမြင်ကိုပေးမယ့် Lolane & Rico Rina ကြော်ငြာ
- ၄:၅၀ သာသနာ့ဇောတိပါလ ပရိယတ္တိစာသင်တိုက်၏ (၂၂)ကြိမ်မြောက် စူဠဘွဲ့နှင်းသဘင်
- ၅:၀၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၅:၃၅ ဗီဒီယိုပြခန်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ MRTV-4 **ရုပ်သံဇာတ်လမ်းတွဲ "စိတ်၏စေရာ" (အပိုင်း-၂၆)**
- ၇:၁၅ ဆေးပေါင်းခတဲ့ Rock Concert (Part-4)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ စကားနပန်း
- ၉:၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "တွဲလက်မဖြုတ်တမ်း"(အပိုင်း-၂၁)**
- ၁၀:၁၅ Sunday Talk (ဆရာချစ်ဝင်းမောင်၊ မျိုးမြတ်သူ)
- ၁၀:၄၅ အနုပညာမိုးကောင်းကင်
- ၁၁:၀၅ ဆီးချို သွေးချိုရောဂါဆိုင်ရာ ပြောင်းလဲလာသော အယူအဆများ(အပိုင်း-၁) (ပါမောက္ခ ဒေါက်တာတင့်ဆွေလတ်)
- ၁၁:၃၅ International Show Biz
- ၁၁:၅၅ လူမှုစီးပွားမြင့်မားဖို့ ကျေးရွာစာကြည့်တိုက်အတွင်းစာဖတ်စို့
- ၁၂:၀၀ နုယဉ်ဆန်းထွင်ပန်းအလှဆင်
- ၁၂:၂၅ ဆီးချို သွေးချိုကာကွယ်ပါ (အကယ်ဒမီထွန်းထွန်းဝင်း၊ မိုးဒီ၊ ဖြိုးငွေစိုး၊ ကောင်းခန့်၊ မျိုးစန္ဒီကျော်၊ ရတနာမိုင်၊ ဝင့်နန္ဒာဖြိုး) [ဒါရိုက်တာ-တင်အောင်ရွှေ (သုတေသီ)]
- ၁၂:၅၀ Box Office Movies
- ၁:၁၀ ကံပေါက်ဒေသမှ လေ့လာစရာများ
- ၁:၃၀ ဆန်းသစ်တီထွင်ဒီဇိုင်းဖက်ရှင်
- ၂:၀၀ သာယာစိုပြေကြံခင်းမြေ
- ၂:၁၀ ယုံကြည်စိတ်ချသူတို့ဘဝ
- ၂:၃၅ ဖွံ့ဖြိုးတိုးတက်နေသော နေပြည်တော်
- ၃:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၀ ဆေးဖက်ဝင်. . . ဝင်ငွေတိုး. . . 'ဝ'ဥပင်ကိုပျိုး
- ၄:၁၅ 'ရွှေရောင်တောက်ပဖို့ မြေတောင်မြှောက်ကြစို့' (တောင်စွန်းမြို့ဦးပရဟိတ လူငယ်စောင့်ရှောက်ရေးဌာန)
- ၄:၃၅ မြင်သုံးမြင်မှ ထူးခြားရှေးဟောင်း လက်ရာပစ္စည်းများ
- ၄:၄၅ ရှေးမူလက်ရာ လေ့လာစရာ ဖိုလ်ဝင်နှင့် ရွှေဘတောင်တော်မှာ
- ၅:၀၀ အစီအစဉ်ပြီး၏။

**မိဘများဖြစ်ကြသော ဦးတင်အောင်-ဒေါ်စောကြည်တို့အား ရည်စူး၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ်နေ ဦးစောအောင်-ဒေါ်မီမီစိုး၊ သားသမီး မြေးမြစ်မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)သို့ ထာဝရဆေးပဒေသာပင် အလှူငွေကျပ် သိန်း ၂၀ လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။** (ဇီဝိတဒါန သံဃာ့ဆေးရုံ)







## ဥတုရာသီ တောကိုမှီ

## မှုခင်းကျဆင်းရေးပညာပေး

**မှုခင်းကျဆင်းရေးအသိပညာပေး ဆွေးနွေးပွဲကို နိုဝင်ဘာ ၈ ရက်က ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ် ရပ်ကွက်(၆/၁၁/၁၂)တို့၏ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများ၌ ကျင်းပရာ ခရမ်းမြို့နယ် ရဲတပ်ဖွဲ့ မြို့နယ်မှူး ဦးဌေးဝင်း ဟောပြောဆွေးနွေးစဉ်။** (သတင်းစဉ်)

**※ မြန်မာအသင်းမှ**

မြန်မာအသင်းတွင်ဂိုး သီဟစည်သူ၊ နောက်တန်း ရန်အောင်ဝင်း၊ မိုးဝင်း (ဇော်ဇော်ဦး)၊ ဇော်မင်းထွန်း၊ ဉာဏလွင် (ရွှေလှိုင်ဝင်း)၊ အလယ်တန်း အေးဆန်း၊ ကျော်ဇေယျာဝင်း၊ ပြည့်ဖြိုးဦး၊ အောင်မြင့်အေး၊ မင်းမင်းသူ၊ ရှေ့တန်း ကျော်ကိုကို (မင်းမင်းထွန်း)တို့ ပါဝင်ကစားခဲ့ကြသည်။

မြန်မာအသင်းသည် နိုဝင်ဘာ ၁၅ ရက်တွင် အုပ်စုနောက်ဆုံးပွဲစဉ်အဖြစ် တီမောအသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အခြားပွဲစဉ်တွင် လာအိုအသင်းက တီမောအသင်းကို သုံးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

အုပ်စု (က) ပွဲစဉ်များတွင် မလေးရှားအသင်းက ကမ္ဘောဒီးယားအသင်းကို လေးဂိုး-တစ်ဂိုးဖြင့် လည်းကောင်း၊ အင်ဒိုနီးရှားအသင်းက ထိုင်းအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိသွားသည်။ တီမောအသင်း ရှုံးနိမ့်သွားသောကြောင့် ဗီယက်နမ်နှင့် မြန်မာအသင်းမှာ ဆီမီးသို့တက်ရောက်သွားပြီဖြစ်သည်။

## ၁၃-၁၁-၂၀၁၁ ရက်အပြီး အုပ်စုရပ်တည်မှု

**အုပ်စု(က)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| အင်ဒိုနီးရှား | ၃ | ၃ | - | - | ၁၁ | ၁ | ၉ |
| မလေးရှား | ၃ | ၂ | ၁ | - | ၆ | ၂ | ၇ |
| စင်ကာပူ | ၃ | ၁ | ၁ | ၁ | ၂ | ၃ | ၄ |
| ထိုင်း | ၃ | ၁ | - | ၂ | ၆ | ၅ | ၃ |
| ကမ္ဘောဒီးယား | ၄ | - | - | ၄ | ၂ | ၁၆ | - |

**အုပ်စု(ခ)**

| အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ရမှတ် |
|---|---|---|---|---|---|---|---|
| ဗီယက်နမ် | ၄ | ၃ | ၁ | - | ၁၃ | ၁ | ၁၀ |
| မြန်မာ | ၄ | ၃ | ၁ | - | ၁၂ | ၂ | ၁၀ |
| တီမော | ၄ | ၂ | - | ၂ | ၄ | ၇ | ၆ |
| လာအို | ၄ | ၁ | ၁ | ၂ | ၉ | ၈ | ၄ |
| ဖိလစ်ပိုင် | ၄ | ၁ | - | ၃ | ၅ | ၁၂ | ၃ |
| ဘရူနိုင်း | ၄ | - | ၁ | ၃ | ၃ | ၁၆ | ၁ |

**✤ ဒဗလျူဘီအိုဝဲလ်တာဝိတ်တန်းမှ**

အကောင်းဆုံး အရှုံးသမားဖြစ်ခဲ့ရတော့သည်။ မားကွက်ဇ်အနေဖြင့် အပြောင်မြောက်ဆုံး စွမ်းဆောင်နိုင်ခဲ့စေကာမူ ဒိုင်လူကြီးအများစု၏ ဆုံးဖြတ်ချက်အရ WBO ဝဲလ်တာဝိတ်တန်း ချန်ပီယံဘွဲ့ကို ပက်ကွီယာအိုက ဆက်လက်ထိန်းသိမ်းသွားနိုင်ခဲ့သည်။ ဒိုင်လူကြီး သုံးဦးက (၁၁၄-၁၁၄)၊ (၁၁၅-၁၁၃)၊ (၁၁၆-၁၁၂) အမှတ်များ အသီးသီးပေးခဲ့ကြခြင်းကြောင့် စုစုပေါင်းရမှတ် (၁၁၅-၁၁၃)ဖြင့် မားကွက်ဇ် အရေးနိမ့်ခဲ့ရခြင်းဖြစ်သည်။

ရမှတ်များကြေညာပြီးနောက် လာရောက်ကြည့်ရှုသော ပရိသတ်အများစုဖြစ်သည့် မားကွက်ဇ်၏ပရိသတ်ထံမှ လှောင်ပြောင်ရှုတ်ချသံကြီး ပေါ်ထွက်လာခဲ့သည်။ “ဒါကတော့ ရှင်းပါတယ်ဗျာ၊ အမှတ်ကတော့ မပြတ်ဘူး၊ ဒါပေမယ့် ကျွန်တော်နိုင်ပါတယ်” ဟု ပက်ကွီယာအိုက ဆိုသည်။

မားကွက်ဇ်နှင့် ပက်ကွီယာအိုတို့မှာ ၂၀၀၄ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၀၈ ခုနှစ်တွင် တစ်ကြိမ် ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြပြီး ယခုအကြိမ်မှာ တတိယအကြိမ် ရင်ဆိုင်ကြရခြင်းဖြစ်သည်။ (အင်တာနက်)

*အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး*

# (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင်ဘိလိယက်အသင်း ကြေးတံဆိပ်နှစ်ခုရရှိ

**နေပြည်တော် နိုဝင်ဘာ ၁၃**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို အင်ဒိုနီးရှားနိုင်ငံ ပါလမ်ဘန်မြို့၌ ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၂ ရက်က ကျင်းပခဲ့သော ဘိလိယက်ပြိုင်ပွဲသို့ မြန်မာ့လက်ရွေးစင် ဘိလိယက်အသင်း ဝင်ရောက်ယှဉ်ပြိုင်ရာတွင် ကွာတားဖိုင်နယ်ပွဲစဉ်များ၌ နေသွေးဦး(မြန်မာ)က ထိုင်းကို သုံးပွဲ-တစ်ပွဲဖြင့် လည်းကောင်း၊ ကျော်ဦး(မြန်မာ)က ဖိလစ်ပိုင်ကို သုံးပွဲ-တစ်ပွဲဖြင့်လည်းကောင်း အသီးသီးအနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ခဲ့သည်။

နိုဝင်ဘာ ၁၃ ရက် ဒေသစံတော်ချိန် ၁၀ နာရီတွင် ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်ကစားရာ နေသွေးဦး(မြန်မာ)က (စင်ကာပူ)မှ ပီတာကို သုံးပွဲပြတ်ဖြင့် လည်းကောင်း၊ ကျော်ဦး(မြန်မာ)က (ထိုင်း)မှ ပရာပွတ်ကို သုံးပွဲ-နှစ်ပွဲဖြင့် လည်းကောင်း ရှုံးနိမ့်၍ တတိယကြေးတံဆိပ်ဆုများသာ ရရှိခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

## မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးအနည်းငယ်ရွာနိုင်

**နေပြည်တော် နိုဝင်ဘာ ၁၃**

**ယနေ့ နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်**

လွန်ခဲ့သော ၂၄ နာရီအတွင်းက ရန်ကုန်တိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ **ညအပူချိန်များမှာ** မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်ထိ၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ် လျော့နည်းခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ပင်လောင်းမြို့တွင် ၅ ဒီဂရီစင်တီဂရိတ်ထိနှင့် ဟားခါးမြို့တွင် ၆ ဒီဂရီစင်တီဂရိတ်တို့ ဖြစ်ကြသည်။ **မှတ်သားဖွယ်ရာမိုးရေချိန်မှာ** ကိုကိုးကျွန်းမြို့တွင် သုည ဒသမ ၃၂ လက်မဖြစ်သည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

**မြန်မာ့ပင်လယ်ပြင်အခြေအနေ**

လှိုင်းအသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးအနည်းငယ်ရွာနိုင်သည်။

## စနူကာပြိုင်ပွဲ ကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၁၃**

မြန်မာနိုင်ငံ ဘိလိယက်နှင့် စနူကာ အဖွဲ့ချုပ်နှင့် ASIA ဘိလိယက်နှင့် စနူကာ (လမ်းမတော်)တို့က ကြီးမှူး၍ စနူကာ အငယ်တန်းပြိုင်ပွဲကို နိုဝင်ဘာ ၁၁ ရက်မှ ၂၀ ရက်အထိ ရန်ကုန်မြို့ လမ်းမတော် မြို့နယ် လမ်းမတော်သံဈေး သုံးလွှာရှိ ASIA ဘိလိယက်နှင့် စနူကာစင်တာ၌ ကျင်းပလျက်ရှိသည်။

ထိုပြိုင်ပွဲတွင် အားကစားသမား ၅၂ ဦး ယှဉ်ပြိုင်ကြ၍ နံနက် ၁၀ နာရီမှ ညနေ ၅ နာရီအထိ ယှဉ်ပြိုင်နေကြောင်း သိရသည်။ **(အောက်ပုံ)**

(ဘိလိယက်နှင့်စနူကာအဖွဲ့ချုပ်)





**အပြည်ပြည်ဆိုင်ရာ သစ်တောများနှစ် “၂၀၁၁” အထိမ်းအမှတ် မြန်မာ့သစ်တောသီတင်းပတ် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စာစီစာကုံး၊ ကာတွန်း ဆုချီးမြှင့်ပွဲတွင် ကော့မှူးမြို့နယ် သစ်တောဦးစီးဌာနမှ မြို့နယ်ဦးစီးဌာနမှူး ဦးအေးချမ်းက “သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတ ထိန်းသိမ်းရေး” ခေါင်းစဉ်ဖြင့် ဟောပြောစဉ်။** (မြို့နယ်သစ်တော)

**ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မိသားစုနေ့ အခမ်းအနားကို နိုဝင်ဘာ ၇ ရက် ညနေ ၄ နာရီတွင် ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက အငြိမ်းစားဝန်ထမ်းများနှင့် ဝန်ထမ်းများအား တူညီဝတ်စုံများပေးအပ်စဉ်။** (ကြေးမုံ)



# နိုင်ငံတကာ အားကစားသတင်းများ

## ဆွီဒင်နိုင်ငံ၏ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆု အေစီမီလန်တိုက်စစ်မှူး အီဘရာဟီမိုဗစ် ခြောက်ကြိမ်မြောက် ဆွတ်ခူး

**မီလန် နိုဝင်ဘာ ၁၃**

ဆွီဒင်နိုင်ငံ၏ တစ်နှစ်တာ အကောင်းဆုံး ဘောလုံးသမားဆုကို အေစီမီလန်တိုက်စစ်မှူး အီဘရာဟီမိုဗစ်က ခြောက်ကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

၎င်းသည် အဆိုပါဆုကို ငါးနှစ်ဆက်တိုက် ဆွတ်ခူးရရှိခဲ့ခြင်းလည်းဖြစ်ပြီး ဆွီဒင်ဘောလုံးအသိုက်အဝန်းအတွင်း အကြိမ်အများဆုံး ဆွတ်ခူးနိုင်ခဲ့သော ဘောလုံးသမားအဖြစ်လည်း ရပ်တည်နိုင်လျက်ရှိသည်။

မိုဗစ်ကဲ့သို့ ဆွီဒင်နိုင်ငံ၏ တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆု (အမျိုးသမီး)ကို လိုင်ယွန်တိုက်စစ်မှူး လော့တာ ရှီလင်က ဆွတ်ခူးနိုင်ခဲ့သည်။ သူမသည် ယင်းဆုကို ဒုတိယအကြိမ်မြောက် ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ***အင်တာနက်။***



***ခြောက်ကြိမ်မြောက် တစ်နှစ်တာ အကောင်းဆုံးဘောလုံးသမားဆုပိုင်ရှင် အီဘရာဟီမိုဗစ်။***

## ဝုဖ်အသင်းနောက်ခံလူ စတီဖင်ဝတ်ဒ် အသင်းနှင့် စာချုပ်သစ် ထပ်မံချုပ်ဆို

**လန်ဒန် နိုဝင်ဘာ ၁၃**

ဝုဖ်အသင်း၏ နောက်ခံလူ စတီဖင်ဝတ်ဒ်သည် အသင်းနှင့် သုံးနှစ်ခွဲ သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်မံချုပ်ဆိုခဲ့ကြောင်း သိရသည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဝုဖ်အသင်းနည်းပြ မစ်ခ်မက်ကာသီက ဝတ်ဒ်သည် အသင်း၏အရေးပါသော ကစားသမားတစ်ဦးဖြစ်ကြောင်း၊ ၎င်းနှင့် ယခုကဲ့သို့ စာချုပ်သစ် ထပ်မံချုပ်ဆိုနိုင်ခဲ့၍ ဝမ်းမြောက်ပါကြောင်း၊ ထို့ပြင် ၎င်းသည် ယခုနှစ် ဘောလုံးရာသီအတွင်း ခံစစ်သာမက တိုက်စစ်အထိလိုက်ပါပြီး ဂိုးသွင်းယူနိုင်သည်အထိ စွမ်းဆောင်ပေးခဲ့ကြောင်း၊ ယင်းကဲ့သို့သော ကစားသမားမျိုးကို ဆက်လက်ထိန်းထားနိုင်ခဲ့၍ များစွာ ဂုဏ်ယူမိပါကြောင်း ပြောကြားခဲ့သည်။

စတီဖင်ဝတ်ဒ်က မိမိအား ဘယ်နောက်ခံကစားသမားနေရာတွင် ကစားခွင့်ပေး၍ နည်းပြ မက်ကာသီကို ကျေးဇူးတင်ပါကြောင်း၊ မိမိသည် ယင်းနေရာတွင် ကစားရသည်ကို နှစ်သက်ပါကြောင်း၊ တိုက်စစ်အထိ လိုက်ပါကစားနိုင်၍ ဂိုးသွင်းခွင့်လည်း ရရှိပါကြောင်း၊ ဆက်လက်၍လည်း အသင်းအတွက် အကောင်းဆုံး စွမ်းဆောင်ပေးသွားမည် ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ***အင်တာနက်။***



***ဝုဖ်အသင်း၏ နောက်ခံလူ စတီဖင်ဝတ်ဒ်။***

## အိုင်းယက်လူငယ်တိုက်စစ်မှူး ဒန်ဇဲလ်ဂရာဗန်ဘာ့ချ်ကိုခေါ်ယူရန် မန်ယူပစ်မှတ်ထား

**မန်ချက်စတာ နိုဝင်ဘာ ၁၃**

မန်ယူအသင်းသည် အိုင်းယက်ကြယ်ပွင့် လူငယ်တိုက်စစ်မှူး ဒန်ဇဲလ်ဂရာဗန်ဘာ့ချ်ကို ခေါ်ယူနိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

အိုင်းယက်ဘောလုံးအကယ်ဒမီမှ လင်းလက်လာသော ဒန်ဇဲလ်၏ လက်ရှိ အိုင်းယက်အသင်းနှင့် ချုပ်ဆိုထားသည့် စာချုပ်သက်တမ်းမှာ ကုန်ဆုံးတော့မည်ဖြစ်သည်။ ထို့ကြောင့် ၎င်းအား ခေါ်ယူနိုင်ရေးအတွက် အင်္ဂလန်ကလပ်အသင်းများဖြစ်သည့် မန်ယူ၊ လီဗာပူးနှင့် အက်စတွန်ဗီလာအသင်းတို့ အပြိုင်ကြိုးပမ်းနေကြသည်။

အသက် ၁၇ နှစ်အရွယ် အဆိုပါ တိုက်စစ်မှူးလေးသည် ယူ-၁၇ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဟော်လန်အသင်းကိုယ်စားပြုအဖြစ် ပါဝင်ကစားခဲ့ပြီးနောက် ထင်ပေါ်ကျော်ကြားလာခဲ့သည်။

***အင်တာနက်။***

## နိုင်ငံတကာ ခြေစမ်းပွဲစဉ်ရလဒ်များ

| | | | | |
|---|---|---|---|---|
| ပနားမား | ၂ | - | ၀ | ကော့စတာရီကာ |
| မက္ကဆီကို | ၂ | - | ၀ | ဆာဘီးယား |
| တောင်အာဖရိက | ၁ | - | ၁ | အိုင်ဗရီကို့စ် |
| ဝေးလ် | ၄ | - | ၁ | နော်ဝေ |
| နိုင်ဂျီးရီးယား | ၀ | - | ၀ | ဘော့ဆွာနာ |
| အယ်လ်ဂျီးရီးယား | ၁ | - | ၀ | တူနီးရှား |
| အင်္ဂလန် | ၁ | - | ၀ | စပိန် |

**ဟိန်းထက်လင်း**

## ကီတာကို ခေါ်ယူလိုလျှင် လီဗာပူးအနေဖြင့် ရာသီကုန်အထိ စောင့်ရမည်

**လီဗာပူး နိုဝင်ဘာ ၁၃**

လီဗာပူးအသင်းအနေဖြင့် ဘာစီလိုနာ ကွင်းလယ်ကစားသမား ကီတာ**(အောက်ပုံ)** ကိုခေါ်ယူနိုင်ရန်အတွက် ယခုနှစ်ဘောလုံးရာသီပြီးဆုံးချိန်အထိ စောင့်ရမည်ဖြစ်ကြောင်း ဘာစီလိုနာအသင်းက ဆိုသည်။

အသက် (၃၁) နှစ်ရှိ ကီတာက မိမိအား လီဗာပူးအသင်းက ခေါ်ယူရန် ကမ်းလှမ်းမှုကို ကျေးဇူးတင်ပါကြောင်း၊ သို့သော် လာမည့်အပြောင်းအရွှေ့ကာလအတွင်း မဖြစ်နိုင်သေးကြောင်း၊ ရာသီကုန်အထိ ဘာစီလိုနာအတွက် ကစားပေးလိုကြောင်း၊ ထို့ကြောင့် လီဗာပူးအနေဖြင့် မိမိအားခေါ်ယူလိုပါက ယခုနှစ်ရာသီကုန်အထိ စောင့်ဆိုင်းပေးရန် လိုကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ***အင်တာနက်။***



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မကွေးတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံများနှင့် ဓာတ်အားခွဲရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၁၃**

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် နိုဝင်ဘာ ၁၁ ရက် ညနေ ၄ နာရီခွဲတွင် မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မန်းသဘာဝဓာတ်ငွေ့သုံးဓာတ်အားပေး စက်ရုံသို့ ရောက်ရှိပြီး Switch Yard အတွင်း၌ မကွေး ပင်မဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အားလက်ခံရရှိမှု၊ မင်းဘူးခရိုင်အတွင်းရှိ မြို့နယ်များ၊ နိုင်ငံပိုင်နှင့် တပ်မတော်ပိုင် စက်ရုံ/ အလုပ်ရုံများနှင့် ကြီးအုံကြီးဝ ရေအားလျှပ်စစ်စီမံကိန်းသို့ ဓာတ်အားပို့လွှတ်ထားရှိမှု များကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် (၁၈ ဒသမ ၄၅) အမ်ဗွီအေ Gas Turbine ကြံခိုင်ရေး ဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး မန်းစက်ရုံရှိ Gas Turbine အား Gas ရရှိပါက အသင့်မောင်းနှင် နိုင်ရေး စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ထားရှိရန် မှာကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် နိုဝင်ဘာ ၁၂ရက် နံနက် ၇နာရီခွဲတွင် ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း) ပြည်မြို့ တိုင်းလျှပ်စစ်အင်ဂျင်နီယာရုံးသို့ရောက်ရှိပြီး တာဝန်ရှိ သူများအား ဝန်ထမ်းစည်းမျဉ်းစည်းကမ်းနှင့်အညီ စည်းစည်းလုံးလုံးဖြင့် စနစ်တကျနေထိုင်ရန်၊ မိမိဝန်ကြီး ဌာန ဝင်ငွေတိုးတက်ရေးအတွက် တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အလိုက် Unit Losses ကျဆင်းရေး အလေးထားဆောင်ရွက်ရန်၊ ဓာတ်အားပြတ်တောက်မှု အနည်းဆုံးဖြစ်စေရေး ဆောင်ရွက်ရန်တို့ကို မှာကြား ခဲ့သည်။



ဆက်လက်၍ ဓာတ်အားခွဲရုံအတွင်းရှိ Control Room၊ Switch Yard နှင့် တိုင်း/ခရိုင်/မြို့နယ် လျှပ်စစ်အင်ဂျင်နီယာရုံးအသစ် တည်ဆောက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ခရိုင် ရွှေတောင်မြို့နယ် ရွှေတောင် သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိပြီး **စာမျက်နှာ ၉ ကော်လံ ၁ သို့**❁

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုး မန်းသဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်ရုံ၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

## (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ မြန်မာ ငွေတံဆိပ် နှစ်ခုနှင့် ကြေးတံဆိပ် ငါးခု ထပ်မံဆွတ်ခူး

**ရန်ကုန် နိုဝင်ဘာ ၁၃**

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ဆက်လက်ကျင်းပလျက်ရှိရာ နိုဝင်ဘာ ၁၃ ရက်တွင် အမျိုးသမီး ၂၀ ကီလိုမီတာလမ်းလျှောက်ပြိုင်ပွဲတွင် ကေခိုင်မျိုးထွန်းက ငွေတံဆိပ်၊ ကနူးလှေလှော် ပြိုင်ပွဲ တစ်ယောက်လှော် မီတာ(၂၀၀- C1) ပြိုင်ပွဲတွင် ဝင်းထိုက်က ငွေတံဆိပ်၊ နှစ်ယောက်လှော် မီတာ(၂၀၀-C2 )ပြိုင်ပွဲတွင် ဝင်းထိုက်နှင့် ရဲအောင်စိုးတို့က ကြေးတံဆိပ်၊ ကရာတေးဒိုပြိုင်ပွဲ အမျိုးသား ကုမိတဲ့(၆၀)ကီလိုအောက်ပြိုင်ပွဲတွင် စန်းတိုးက ကြေးတံဆိပ်၊ တိုက်ကွမ်ဒို 62-67 Kg (Welter Weight) ပြိုင်ပွဲတွင် ရွက်ဝါထွန်းက ကြေးတံဆိပ်၊ အမျိုးသားတစ်ဦးချင်း English Billeard Single ပြိုင်ပွဲတွင် ကျော်ဦးက ကြေးတံဆိပ်နှင့် နေသွေးဦးက ကြေးတံဆိပ် စသည်ဖြင့် အသီးသီး ဆွတ်ခူးရရှိကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



မြန်မာနှင့် ဖိလစ်ပိုင်အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

## မြန်မာအသင်း ဂိုးပြတ်သွင်းပြီး နိုင်ပွဲဆက်နေ မြန်မာ၊ ဗီယက်နမ်နှင့် အင်ဒိုနီးရှားတို့ ဆီမီးတက်

သတင်းနှင့်ဓာတ်ပုံ ရှိုင်းထက်ဇော် (ခေတ္တ ဂျကာတာ)

ဂျကာတာ နိုဝင်ဘာ ၁၃

**(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုပွဲစဉ်များကို ယနေ့ညနေပိုင်းက ဂျကာတာမြို့၌ ဆက်လက်ယှဉ်ပြိုင်ကစားကြရာ မြန်မာအသင်းက ဖိလစ်ပိုင်အသင်းကို ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိသွားသည်။**

**မြန်မာအသင်း- ငါးဂိုး**

(ကျော်ကိုကို-နှစ်ဂိုး၊ အေးဆန်း၊ ကျော်ဇေယျာဝင်းနှင့် ရန်အောင်ဝင်း-တစ်ဂိုးစီ)

**ဖိလစ်ပိုင် - ဂိုးမရှိ**

ဆီမီးဖိုင်နယ်သို့ တက်ရောက်ရေးအတွက် မြန်မာ အသင်းမှာ အရေးပါသည့် အနိုင်သုံးမှတ်ကို ရယူနိုင်ခဲ့ သလို ဂိုးကွာခြားချက်အတွက် ဖိလစ်ပိုင်ကို ငါးဂိုးပြတ် သွင်းယူခဲ့သည်။ ကျော်ကိုကို၊ မင်းမင်းသူ၊ ကျော်ဇေယျာ ဝင်း၊ သီဟစည်သူတို့ဖြင့် မြန်မာအသင်း လူစုံပါဝင် ခဲ့ပြီး ဂိုးပြတ်နိုင်ပွဲဖြင့် အမှတ်ပြည့် ယူသွားခဲ့ခြင်းဖြစ် သည်။

ပွဲအစ ခုနစ်မိနစ်မှာပင် အသင်းခေါင်းဆောင် အေးဆန်းက ထောင့်ကန်ဘောမှတစ်ဆင့် မြန်မာအသင်း အတွက် ဂိုးစတင်သွင်းယူခဲ့သည်။ ယင်းနောက်ပိုင်းတွင် ဖိလစ်ပိုင်အသင်း ပြန်ဖိကစားသော်လည်း မြန်မာအသင်း နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ မြန်မာအသင်း အတွက် ဒုတိယဂိုးကို ၄၁ မိနစ်တွင် ကျော်ဇေယျာဝင်း က သွင်းယူပေးခဲ့သည်။ မြန်မာအသင်းတိုက်စစ်တွင် ခြေစွမ်းပြနေသည့် တိုက်စစ်မှူး ကျော်ကိုကိုက ခြေစွမ်း ပြပြီး ၄၇ မိနစ်နှင့် ၅၅ မိနစ်တွင် နှစ်ဂိုးဆက်တိုက် သွင်းယူခဲ့သည်။ မြန်မာအသင်းအတွက် ပဉ္စမဂိုးကို ပွဲပြီးခါနီး နာကျင်အချိန်ပိုတွင် ရန်အောင်ဝင်းက သွင်းယူပေးခဲ့သည်။ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**⁂

## ဒဗလျူဘီအိုဝဲလ်တာဝိတ်တန်း ချန်ပီယံဘွဲ့ ဖိလစ်ပိုင်လက်ဝှေ့ကျော် ပက်ကွီယာအို ဆက်ထိန်း

**လာ့စ်ဗီဂက်စ် နိုဝင်ဘာ ၁၃**

လာ့စ်ဗီဂက်စ်မြို့ အမ်ဂျီအမ်ဟိုတယ်ကြီး၏ လက်ဝှေ့စင်မြင့်မှ ၁၂ ချီ ပြည့်မြောက်သည့် ခေါင်းလောင်းသံပေါ် ထွက်လာပြီးနောက် ဂျူအန်မန် နျူယယ်မားကွက်ဇ်သည် ကြိုးဝိုင်းအတွင်း ၎င်း၏ ထောင့်တွင်ရပ်ကာ လက်နှစ်ဖက်ကို မြှောက်ထားလိုက်သည်။ ဖိလစ်ပိုင်လက်ဝှေ့ကျော် မန်နီ ပက်ကွီယာအိုနှင့် လွန်ခဲ့သည့်သုံးနှစ်က တစ်ကြိမ်ဆုံခဲ့ကြပြီးနောက် သည်တစ်ခါတော့ အနိုင်ရပြီဆိုသည့် ယုံကြည်မှုမျိုးနှင့် ဖြစ်သည်။

လက်ဝှေ့ဒိုင်အဖွဲ့၏ အတည်ပြုဆုံးဖြတ်ချက် ထွက်လာသည့်အခါ တွင်မူ မားကွက်ဇ်မှာ **စာမျက်နှာ ၁၀ ကော်လံ ၁ သို့**✤



**ဂျူအန်မန် နျူယယ်မားကွက်ဇ်(ဝဲ)နှင့် မန်နီပက်ကွီယာအို(ယာ)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ထိုးသတ်နေကြစဉ်။**

## သတင်းအညွှန်း

**Sky Net မှ ဖွဲ့ မြတ်စွယ်တော်အား ၂၄ နာရီ ပူးမြော်နိုင်ရန် တိုက်ရိုက် ထုတ်လွှင့် ပူဇော်ပြသမည်**

ပြည်တွင်းသတင်း စာမျက်နှာ - ၃

**မော်တော်ယာဉ်ဝယ်ယူသူများ စိတ်ကြိုက်တွေ့မည့် တာတာ မော်တော်ယာဉ်များ**

ပြည်တွင်းသတင်း စာမျက်နှာ - ၇

**ကီတာကို ခေါ်လိုလျှင် လီဗာပူး အနေဖြင့် ရာသီကုန်အထိ စောင့်ရမည်**

အားကစားသတင်း စာမျက်နှာ-၁၀